မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် ၂၀၂၅ ခုနှစ်၊ ဇွန် ၁၄ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ်( ၂၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ် စ ရာ



မြေငလျင်အပြီး ပြန်လည် တည်ဆောက်ရေး

ဆောင်းပါး စာ ၆



စပါးဖျက်ကောင် ရွှေခရုအန္တရာယ် အထူးသတိပြု ဂရုစိုက်ကာကွယ်

ဆောင်းပါး စာ ၁၆

# အင်းလေးဒေသအတွင်း မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ရေးလုပ်ငန်း ၉၉ ရာခိုင်နှုန်းပြီးစီး

ညောင်ရွှေ ဇွန် ၁၃

မတ် ၂၈ ရက်က အင်အားပြင်းထန်စွာ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ ဓာတ်တိုင်များ၊ နေအိမ်များသို့ သွယ်တန်းထားသည့် ဓာတ်ကြိုးများ ယိုင်နဲ့တိမ်းစောင်းခြင်း၊ ကျိုးပဲ့ပျက်စီးခြင်းများ ဖြစ်ပေါ်၍ ကျေးရွာပေါင်း ၃၂၁ ရွာ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့သည်။

အဆိုပါ ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ လျှပ်စစ်မီးကြိုးများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ယိုင်နဲ့ကျိုးပဲ့သွားသည့် ဓာတ်တိုင်များ တည့်မတ်ပြုပြင်ခြင်း၊ အသစ်စိုက်ထူခြင်း လုပ်ငန်းများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ ကျေးရွာပေါင်း ၃၂၁ ရွာသို့ လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိနိုင်ရေး ဆောင်ရွက်ပြီးခဲ့၍ ရာခိုင်နှုန်းအားဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ ❖



အင်းလေးဒေသအတွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



# သဲကုန်းမြို့နယ်၌ စားသုံးဆီဖူလုံစေရေး မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၁၃၂၅၉ ဧက စိုက်ပျိုးရန်လျာထား

သဲကုန်း ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၁၃၂၅၉ ဧကစိုက်ပျိုးရန် လျာထားလျက်ရှိသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီဖူလုံစေရန်၊ ဆီထွက်သီးနှံ စိုက်ပျိုးစွမ်းအား တိုးတက်စေရန် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ ၆၈၅၇ ဧက၊ နှမ်း ၂၈၈ ဧက၊ နေကြာ ၁၁၄ ဧက စိုက်ပျိုးရန်လျာထားလျက်ရှိရာ ဒေသခံတောင်သူများ အနေဖြင့် အထွက်နှုန်းကောင်းမွန်စေရန်၊ ဆီထွက်သီးနှံအလိုက် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဆီထွက်သီးနှံ စိုက်ပျိုးရာ၌ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် အခြေခံစိုက်ပျိုးရေး နည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးနှင့်

စာမျက်နှာ ၅ ကော်လံ ၁ ✻

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်**

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၅) ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဆုများပေးအပ်ချီးမြှင့်

## နိုင်ငံနှင့်ပြည်သူကိုအကျိုးပြုသည့် စာပေပညာရှင်များ၏ ကလောင်စွမ်းအားကို လေးစားဂုဏ်ပြုသောအားဖြင့် ယခုလို ဆုချီးမြှင့်ခြင်းဖြစ်

**ရန်ကုန် ဇွန် ၁၃**

(၁၅)ကြိမ်မြောက် သုတစွယ်စုံ စာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် Park Royal ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သုတစွယ်စုံ စာပေအလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ သုတစွယ်စုံစာပေဆုရ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။






**အမှာစကားပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ **(အပေါ်ပုံ)** ယနေ့ကျင်းပသည့် သုတစွယ်စုံ စာပေဆု ချီးမြှင့်ပွဲတွင် ဆုရရှိသော ပုဂ္ဂိုလ်များအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကောင်းတာကို စဉ်းစား၍ ကောင်းတာကို လုပ်ဆောင်နိုင်ရန် စာပေဖတ်ရှုမှုများ လိုအပ်ပြီး ကြားလူနောက်ပါက သွေးကွဲနိုင်၍ ယနေ့လိုကာလတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလျော့နည်းမှုမရှိစေရန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် စာကောင်းပေမွန်များကိုဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဂါရဝေါစ နိဝါတောစ မင်္ဂလာတရားများ သိရှိနိုင်ရန်နှင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ရန် စာပေဖတ်ရှုရန်လိုအပ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်သည် စာပေဗိမာန်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး စာပေဖတ်ရှုမှုကို အလေးထားကာ စာပေကို တန်ဖိုးထားမြတ်နိုးသူတစ်ဦးဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံနှင့် လူမျိုးအတွက် အသက်ဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်များစာပေဖတ်ရှုရန် အစဉ်တိုက်တွန်းလျက်ရှိပါကြောင်း။

နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသည့် စာပေပညာရှင်များ၏ ကလောင်စွမ်းအားကို လေးစားဂုဏ်ပြုသောအားဖြင့် ယခုလို ဆုချီးမြှင့်ခြင်း ဖြစ်ပါကြောင်းနှင့် ကလောင်စွမ်းအားဖြင့် တိုင်းပြည်ငြိမ်းချမ်းပြီး အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် သုတစွယ်စုံ စာပေအလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရုဖ်၏ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်း အကြောင်းရင်း၊ ဆုရွေးချယ်ပုံအဆင့်ဆင့်၊ ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်သုံးသပ်ချက်များနှင့် သုတစွယ်စုံ စာပေဆုရရှိကြသည့် စာပေပညာရှင် ၁၂ ဦး၏ စာအုပ်သမိုင်းအကျဉ်းတို့ကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သုတစွယ်စုံ တစ်သက်တာစာပေဆုရရှိသော ဒေါက်တာခင်မောင်ညို၊ သုတစွယ်စုံ စာပေဆုရရှိသော ဆရာနိုင်ဇော်(ရည်ညွှန်းစာပေ)နှင့် ဗိုလ်အေးမြင့်ကြူ (အတ္ထုပ္ပတ္တိစာပေ)တို့အား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သိန်းထွန်း(မြဝတီ) (သုတ-ဝိဇ္ဇာ)နှင့် ဒေါက်တာသိန်းဆွေ (ပြည်သူ့ကျန်းမာရေး) (အသုံးချသိပ္ပံ) တို့အားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ကျော်ကျော်လှိုင် (သုတ-ဝိဇ္ဇာ)အားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက နေဇင်လတ်(ဘာသာပြန်စာပေ)၊ မောင်ခေတ်ထွန်း (စာပဒေသာ)၊ ဟိန်းလတ် (အတ္ထုပ္ပတ္တိစာပေ)၊ ဒေါက်ထွေး(ဆေး/မန်း) (စာပဒေသာ)၊ ကျော်ညွန့်ရည် (သုတ - ဝိဇ္ဇာ)နှင့် ပါမောက္ခဒေါက်တာမြသိန်းဟန်(အသုံးချသိပ္ပံ)တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ သုတစွယ်စုံ စာပေအလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရုဖ်၏ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့်

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ထံ သုတစွယ်စုံ စာပေအလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရုဖ်၏ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေကျပ် သိန်း ၅၀ အား ပေးအပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံဆုရ)ဆုရ ဒေါက်တာ သိန်းဆွေ(ပြည်သူ့ကျန်းမာ)အား ဆုပေးအပ်ချီးမြှင့်စဉ်။

# “စိန်ရတု မြန်မာ – တရုတ် ချစ်ကြည်ရေး” တေးဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၃

**မြန်မာ – တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့်မြောက်မှု ဂုဏ်ပြုအစီအစဉ်အဖြစ် “စိန်ရတု မြန်မာ–တရုတ် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲ”ကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စီစဉ်ကျင်းပသည်။**





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧည့်သည်တော်များ စိန်ရတု မြန်မာ – တရုတ်ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

အဆိုပါတေးဂီတဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ တရုတ် – မြန်မာ ချစ်ကြည်ရေးအသင်း၊ တရုတ်–မြန်မာကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တရုတ်နိုင်ငံမှ လာရောက်လုပ်ကိုင်နေကြသည့် စီးပွားရေးကုမ္ပဏီများ၊ သီးခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာမှ လူငယ်များနှင့် ရန်ကုန်မြို့ရှိ တရုတ်သတင်းအေဂျင်စီများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့ဆိုင်းဝိုင်းကြီးက ရေကင်းတီးလုံးဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့ဆိုင်းဝိုင်းကြီး၊ သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ MRTV နှင့် ပြင်ပတေးသံရှင် စုစုပေါင်း ၁၁ ဦးတို့က မြန်မာ–တရုတ် နှစ်ဘာသာဖြင့် တေးသီချင်းများကို တေးသရုပ်ဖော်အကများနှင့် တွဲဖက်၍ သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(CECCM)မှ ဥက္ကဋ္ဌ Mr. Liu Ming က ငလျင်ဘေးဒဏ်ထိခိုက်ခံခဲ့ရသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ် ၁၅၀၀ ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ယင်းနောက် တေးဂီတဖျော်ဖြေပွဲတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် သံအမတ်ကြီး မစ္စမာကျားတို့က ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အဆိုပါ စိန်ရတု မြန်မာ–တရုတ် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲတွင် နာမည်ကြီး မြန်မာ၊ တရုတ် တေးသီချင်းကောင်းများကို ရွေးချယ်ပြီး ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များကလည်း လိုက်ပါ၍ သံပြိုင်သီဆိုအားပေးကြသကဲ့သို့ MRTV မှလည်း တိုက်ရိုက် Live ထုတ်လွှင့်ပြသခြင်းဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ချစ်ကြည်ရေးခိုင်မြဲမှုကို ပိုမိုရင်းနှီးနွေးထွေးမှုဖြစ်စေပြီး မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

ဒေါက်တာခင်မိုးမိုးတို့က ပြန်ကြားရေးဝန်ကြီးဌာန၏ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေကျပ် သိန်း ၅၀ အား ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းပြီး ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၂၀ အား စာကြည့်တိုက်မှ တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သုတစွယ်စုံစာပေဆုရရှိသော ဆရာမောင်ခေတ်ထွန်း၊ ဆရာဟိန်းလတ်နှင့် ဒေါက်တာ ခင်မောင်ညိုတို့က ကျေးဇူးတင်စကားပြောကြားကြသည်။ (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၆၂ သိန်းကို ပေးအပ်ထောက်ပံ့ခဲ့သည်။ ယနေ့အခမ်းအနားတွင် သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ငွေကျပ် ၃၇ သိန်းနှင့် သုတစွယ်စုံစာပေဆုအတွက် တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ပုဂ္ဂလိက ရုပ်သံလုပ်ငန်းဖြစ်သော Skynet DTH ရုပ်သံလုပ်ငန်းသို့ရောက်ရှိရာ ရွှေသံလွင်မီဒီယာကုမ္ပဏီမှ Senior Chair Women ဒေါ်နန်းမောက်လောင်စိုင်းက Skynet DTH စတင်တည်ထောင်ခဲ့မှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဦးစွာရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက “ပြည်သူ့အတွက် စကိုင်းနက်” ဆောင်ပုဒ်နှင့်အညီ ပရိသတ်အခိုင်အမာရရှိထားပြီးဖြစ်သော မီဒီယာလုပ်ငန်းကြီးဖြစ်၍ သက်ဆိုင်ရာ မီဒီယာဥပဒေများ၊ Update ညွှန်ကြားချက်များ၊ မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ကုမ္ပဏီမှ Managing Director ဦးမင်းမင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စတူဒီယိုများအတွင်း ရိုက်ကူးရေးလုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် တာမွေမြို့နယ် ရွှေထွဋ်တင်ဝင်းအတွင်းရှိ စတူဒီယိုများသို့ သွားရောက်ကြရာ ဒေါ်နန်းမောက်လောင်စိုင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဦးစွာရှင်းလင်းတင်ပြကြပြီး ရိုက်ကူးရေးလုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ရွှေသံလွင် မီဒီယာကုမ္ပဏီသည် Skynet DTH အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ DVB–T2 Free To Air ထုတ်လွှင့်မှုတွင်လည်း MNTV Channel နှင့် Channel 9 ထုတ်လွှင့်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ MITV Channel တို့အပြင် ရွှေ FM နှင့် MIR ရေဒီယိုလုပ်ငန်းကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**



## ရှမ်းပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၏ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၃**

၂၀၂၅ ခုနှစ် ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်စေရေး၊ ရှမ်းပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၏ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သော အခွန်စနစ်တစ်ရပ် ဖြစ်စေရေးအတွက် အခွန်နှုန်းထားများ တည်ငြိမ်မှုရှိစေရေးကို အခြေခံပြီး လက်ရှိကောက်ခံနေသော အခွန်နှုန်းထားများကို တိုးမြှင့်ခြင်းမပြုဘဲ အခွန်ကောက်ခံရမည့်နယ်ပယ် (TaxBase) ကိုချဲ့ထွင်၍ ကောက်ခံရေးမူဝါဒများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်ထမ်းပြည်သူများကို အခွန်ဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် အခွန်ပေးဆောင်လာစေရေး၊ တည်ဆဲအခွန်ဥပဒေများကို ရှင်းလင်းစွာ သဘောပေါက်နားလည်စေရေးကို ယခုလို အခွန်ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရှမ်းပြည်နယ် အခွန်ဦးစီးဌာနမှူးက ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများနှင့် အခွန်ဆိုင်ရာ သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးရာ ပြည်နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**


# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း (၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားဖိုရမ်၌ Combining Spaces and Harmonizing Cultures: Cross-Border Route for Tourist Exchange ခေါင်းစဉ်ဖြင့် ကျင်းပသော စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီရှတ်နီကိုဗ်၏ ဖိတ်ကြားချက်အရ မော်စကိုမြို့တွင် ဇွန်၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၅) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲသို့ တက်ရောက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ VDNH ပန်းခြံအတွင်း၌ ခင်းကျင်းပြသလျက်ရှိသည့် နိုင်ငံတကာမှ ခရီးသွားပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် VDNH ပန်းခြံ၊ ATOM ခန်းမ၌ The Role of Tourism in Preserving Historical Heritage and Strength–ing International Ties ခေါင်းစဉ်ဖြင့် ကျင်းပသော ဆွေးနွေးပွဲသို့တက်ရောက်သည်။ အဆိုပါဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လူငယ်သံတမန်ကောင်စီ ဥက္ကဋ္ဌ Kolpakov Konstantin နှင့် အက်တမ် သိပ္ပံ၊ ပညာရေးနှင့်ဆက်သွယ်ရေးဖွံ့ဖြိုးမှုဖောင်ဒေးရှင်း၏ ညွှန်ကြားရေးမှူးချုပ် Mironenko Elena တို့က ဆောင်ရွက်ပြီး ဆွေးနွေးပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Pankin Aleksandr, မော်စကို ခရီးသွားကော်မတီမှ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုအမွေအနှစ်သိပ္ပံမှ ကျွမ်းကျင်သူ Bodrova Polina, နိုင်ငံ့သမိုင်းနှင့် မော်ကွန်းပြတိုက်မှ Dementyev Aleksey, စိန့်ပီတာစဘတ်မြို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ၊ မဟာဗျူဟာလေ့လာရေးဖောင်ဒေးရှင်းမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Smolnikov Dmitry တို့က သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းခြင်းဖြင့် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် VDNH ပန်းခြံ၊ ပြခန်းစင်တာ ၅၅၊ ကွန်ဖရင့်ခန်းမ ၃ ၌ Combining Spaces and Harmonizing Cultures: Cross–Border Route for Tourist Exchange ခေါင်းစဉ်ဖြင့် ကျင်းပသော စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် နယ်စည်းမခြား နိုင်ငံတကာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ရီထရိုခရီးသွားကုမ္ပဏီ၏ အထွေထွေ ဒါရိုက်တာ Lvov Alexandar က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ခါဘာရော့ဗ်ခိုင်းဒေသ ခရီးသွားလုပ်ငန်းဝန်ကြီး Tsymbal Elena, သီရိလင်္ကာနိုင်ငံ နိုင်ငံရပ်ခြားအလုပ်အကိုင်နှင့် ခရီးသွားလုပ်ငန်း ဒုတိယဝန်ကြီး Ranasinghe Ruwan, အာမိုဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ပရေးရာ ဒုတိယဝန်ကြီး Kireeva Ekaterina, လွတ်လပ်သော ဓနသဟာယနိုင်ငံများပါလီမန်ညီလာခံကောင်စီ၏ အထွေထွေအတွင်းရေးမှူးချုပ် Kobitskiy Dmitriy, ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အထူးစီမံကိန်းများစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာန ညွှန်ကြားရေးမှူး Kondratyev Nikita, ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်းကျောင်းမှ ထူထောင်သူ Salberg Eugene တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။




အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအခြေအနေနှင့် ရှေ့အလားအလာများ၊ ခရီးသွားဆွဲဆောင်မှုများ၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ ASEAN, GMS, BIMSTECS, အစရှိသော ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ Buddhist Tourist Circuit, Temple Tourist Circuit, Ancient Cities Trail, Ecotourism, Medical Tourism, Cruise and Yacht Tours အစရှိသော ခရီးစဉ်များအား ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ မြှင့်တင်ဆောင်ရွက်မှုအခြေအနေများ၊ Welcome Russia အစီအစဉ်ကို အကောင်အထည်ဖော်ကာ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ် (Familiarization Trip – FAM Trip) များကို စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ရုရှားနိုင်ငံမှ ကျင်းပပြုလုပ်သော ခရီးသွားပြပွဲများတွင် ပူးပေါင်းပါဝင်ပြသလျက်ရှိသော အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်ကျင်းပရေးကော်မတီမှ စီစဉ်ဆောင်ရွက်သော Sun of Moscow ပွဲတော်၏ လေ့လာရေးခရီးစဉ်တွင် လိုက်ပါ၍ VDNH ပန်းခြံအတွင်း ခရီးသွားနှင့် အများပြည်သူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ထားမှုများ၊ စားသောက်ဆိုင်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်ဖွင့်လှစ်ထားရှိမှုများ၊ ဥရောပ၏အကြီးဆုံးရှုခင်းကြည့် ရဟတ်မျှော်စင်တို့ကို ဖိုရမ်သို့တက်ရောက်လာသော အခြားနိုင်ငံများမှ ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပြီး ခရစ်ကက်နည်းပြ(Level–A)သင်တန်းဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

**ဘားအံ ဇွန် ၁၃**

ကရင်ပြည်နယ်အတွင်း ငါးစားသုံးမှုဖူလုံပိုလျှံရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့ရေး၊ ဒေသခံပြည်သူများ ငါးရိက္ခာကိုပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်ရေးအတွက် မြစ်ချောင်းအင်းအိုင် ဆည်တမံ သဘာဝရေပြင်များအတွင်း ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၈ နာရီတွင် တရုတ်လုကျေးရွာ မြစ်ရေတင်စီမံကိန်း၌ သံလွင်မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြသည်။




ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသော နှစ်လက်မအောက်ခံအရွယ်ရှိ ငါးမြစ်ချင်းကောင်ရေ ရှစ်သောင်းနှင့် ငါးခုံးမကြီးကောင်ရေ ငါးသောင်း စုစုပေါင်းငါးကောင်ရေ တစ်သိန်းသုံးသောင်းကို သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးသည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် ငါးမျိုးစိုက်ထည့်ပွဲ ခုနစ်ကြိမ်ဖြင့် ရှင်သန်ကြီးထွားရန်အကောင်းဆုံးအရွယ်ရှိသော ငါးသားပေါက်ကောင်ရေ ငါးသိန်းနှစ်သောင်းကျော်ကို ငါးမျိုးစိုက်ထည့်ပေးသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ ငါးမျိုးစိုက်ထည့်ပွဲ သုံးကြိမ်ဖြင့် ငါးသားပေါက်ကောင်ရေ တစ်သိန်းကိုးသောင်းကျော်ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်၏ အားပေးကူညီမှုဖြင့် ကရင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ခရစ်ကက် ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ခရစ်ကက်နည်းပြ(Level–A) သင်တန်း ဖွင့်ပွဲကို ဘားအံမြို့ အမှတ် (၅) ရပ်ကွက် ဘားအံ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီးရှိ ကရင်ပြည်နယ်လူငယ်စင်တာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က အခြေခံပညာကျောင်းများကို ခရစ်ကက် အားကစားပစ္စည်းများ ချီးမြှင့်ပေးအပ်ကြကာ ခရစ်ကက်နည်းပြသင်တန်းသား သင်တန်းသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြကြောင်း သိရသည်။(ဝဲပုံ)

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

*✻ ရှေ့ဖုံးမှ*

မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များက အသိပညာပေးဆွေးနွေးပွဲများ၊ နည်းပညာပေးသင်တန်းများ၊ သီးနှံအလိုက်စံပြကွက်များ စိုက်ပျိုးပြသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*❖ ရှေ့ဖုံးမှ*

၉၉ ဒသမ ၃၇ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ကေလာကျေးရွာနှင့် အုန်းပင်ကျေးရွာရှိ ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်းများ ပုံမှန်ဖြန့်ဖြူးနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒုတိယဆုရ ပေါင် အ.ထ.က ကျောင်းအား ဂုဏ်ပြု

**ပေါင် ဇွန် ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့် (ဒုတိယ) ဆုရသော ပေါင် အ.ထ.က ကျောင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ပေါင် အ.ထ.က ရွှေရတုခန်းမ၌ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားပြီး ပူးတွဲမြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်အေးက ဂုဏ်ပြုစကား ပြောကြားသည်။

နိုင်ငံတော်အဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့် (ဒုတိယ)ဆုရသော ပေါင် အ.ထ.က ကျောင်းအုပ် ဆရာမကြီးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။


**မွန်မလေး(ပြန်/ဆက်)**



# မြေငလျင်အပြီး ပြန်လည်တည်ဆောက်ရေး

ဒေါက်တာကျော်လတ် (ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဗိသုကာဌာန၊ ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်)

*(ယမန်နေ့မှအဆက်)*



ဈေးနှုန်းသက်သာစွာဖြင့် ဒီဇိုင်းလှပစွာ ဖန်တီးနိုင်မည့် Hollow သံဖရိန်ဖြင့် တည်ဆောက်နိုင်သော နေအိမ်ပုံစံငယ်များ။

(၃) **Brick-Nogging system (Timber frame structure) (သစ်နှင့် အုတ်ညှပ် ဆောက်လုပ်သော စနစ်)**။ ။ သစ်သားဖရိန်များနှင့် အုတ်များပေါင်း၍ ဆောက်လုပ်သောစနစ်သည် မိမိတို့နိုင်ငံသို့ ဗြိတိသျှတို့ သယ်ဆောင်လာသောစနစ်ဖြစ်သည်။ မိမိတို့၏ Brick-Nogging အခေါ်သည် ရှေးအင်္ဂလိပ်စကားဖြစ်ဟန်တူသည်။ ယခု အင်္ဂလိပ်စာပေများတွင် Timber frame structure ဟု တွေ့ရသည်။ ထိုစနစ်တွင် အဓိကဖိအားများကို သစ်သားတိုင်နှင့် တန်းများက ထမ်းကြပြီး အုတ်ဖြင့်ညှပ်၍ တည်ဆောက်ခြင်းဖြင့် ပိုမိုခိုင်ခံ့သောနံရံများ ပေါ်ပေါက်လာသည်။

သစ်သားတိုင်များနှင့် တန်းများသည် flexiblity (ကွေးနိုင်ခြင်း) ရှိသည့်အတွက် Lateral forces (ဘေးမှ တွန်းအား) ကိုခံနိုင်သည်။ အုတ်နံရံများကို ဂျာလီ(ဆန်ခါခွေ)များဖြင့် အားဖြည့်ထားခြင်းဖြင့် သစ်သားတိုင်နှင့် တန်းများနှင့်ပေါင်း၍ ငလျင်ဒဏ်ခံနိုင်သော အိမ်များပေါ်ပေါက်လာသည်။ အခြားသော အကျိုးများသည်၊ ဆောက်လုပ်ချိန် တိုတောင်းသည်၊ နံရံများသည် အုတ်တစ်နံစာ၊ လေးလက်မခွဲဖြင့်သာ တည်ဆောက်နိုင်သောကြောင့် မြန်မာနိုင်ငံ ရာသီဥတုအတွက် ကိုက်ညီသည်။ ယခုအခါ ကောင်းသော သစ်များဖြစ်သည့် ပျဉ်းကတိုး၊ ကျွန်း စသည်တို့ရှားရှန်းခက်ခဲသဖြင့် စာရေးသူသည် Hollow profiles ဟုခေါ်သော သံခေါင်းပွများဖြင့် ထိုစနစ်၏မူအတိုင်း စမ်းသပ် ဆောက်လုပ်ခဲ့ရာ R.C. သံကူကွန်ကရစ်ဖြင့် ဆောက်လုပ်ခြင်းထက် ကုန်ကျစရိတ် ၃၀ ရာခိုင်နှုန်းခန့် သက်သာပါသည်။

အထက်ပါပုံတွင် ဖော်ပြသည့်အတိုင်း လှပအောင် ဒီဇိုင်းရေးဆွဲနိုင်လျှင် လှပါသည်။ Brick-Nogging စနစ်၏ အားနည်းချက်မှာ ၂-၃ထပ်သာ ဆောက်လုပ်နိုင်သည်။ ဆောက်လုပ်သည့်အခါတွင် သတိမူရန်များမှာ Hollow တိုင်များတွင် ဂျာလီ(ဆန်ခါခွေ)များအတွက် ချိတ်များကို ဂဟေဖြင့်တွယ်ပြီး တိုင်နှင့် တန်းများ ဆက်သည့်အခါ Brackets များဖြင့် ဆက်သင့်သည်။ သံဆရာများကို အလွယ်တကူ ဂဟေဖြင့်မဆက်ရန် ညွှန်ပြရမည်။ အုတ်စီသည့်အခါ ၃-၄ လွှာတွင် ဂျာလီတန်းများကို တင်းစွာဆွဲ၍ အုတ်စီကြရပါမည်။ ငွေကြေးချွေတာလိုသူ လုံးချင်းအိမ်ဆောက်လုပ်လိုသူများအတွက် သင့်လျော်သည်ဟု စာရေးသူ အကြံပြုလိုပါသည်။

(၄) **Reinforced concrete frame structures (သံကူကွန်ကရစ်ဖရိန်စနစ်)**။ ။ မြန်မာနိုင်ငံအတွက် ရာသီဥတုရှုထောင့်မှလည်းကောင်း၊ ငလျင်အစရှိသော ဘေးအန္တရာယ်များ ခံနိုင်ရန်အတွက်လည်းကောင်း ကောင်းမွန်သော ဆောက်လုပ်စနစ်သည် (Reinforced concrete frame structures) သံကူကွန်ကရစ်ဖရိန်စနစ်ဖြစ်သည်။ ဤစနစ်သည် ရှေးအခါက ကမ္ဘာပေါ်တွင် မသိခဲ့၊ မရှိခဲ့ဘဲ ပြင်သစ်ပြည်မှ Joseph Lambot၊ ထိုနိုင်ငံမှပင် Joseph Monier နှင့် အင်္ဂလန်မှ William Wilkinson တို့က သီးခြားစီ ၁၉ ရာစုနှစ်လယ်ခန့်တွင် တွေ့ရှိခဲ့ကြသည်။

သံကူကွန်ကရစ်ဖရိန်စနစ်၏ သဘောကို အတိုချုံးတင်ပြရသော် သည်ကွန်ကရစ်သည် အပေါ်မှကျရောက်သော ဖိအား(Compression) ကိုများစွာခံနိုင်သည်။ သို့သော် Tensile strength (ဆွဲသောအား)ကို များစွာမခံနိုင်။ Steel သံမဏိသည် Compression နှင့် Tensile strength တို့ နှစ်မျိုးလုံးကို ကောင်းစွာခံနိုင်သည်။ သို့သော် Steel သည် ဈေးကြီးခြင်းနှင့် အခြားအားနည်းချက်များလည်းရှိသောကြောင့် ဈေးသက်သာစေရန် ထိုပစ္စည်းနှစ်မျိုး ပေါင်းစပ်တည်ဆောက်ခြင်းဖြစ်သည်။ ထို R.C. ဟု အတိုခေါ်ကြသော နည်းပညာကို မြန်မာနိုင်ငံတွင် ၁၉၅၀ ပြည့်နှစ် အလယ်ပိုင်းခန့်တွင် စတင်အသုံးပြုကြပြီး ဒုတိယကမ္ဘာစစ်မတိုင်မီ အဆောက်အအုံကြီးများသည် နံရံအထူကြီးများနှင့် Load bearing structures (အုတ်နံရံများကို အခြေပြုသောစနစ်) သို့မဟုတ် Brick-Nogging စနစ်ဖြင့်သာ ဆောက်လုပ်ခဲ့ကြသည်။

R.C. frame structure စနစ်၏ ရာသီဥတုရှုထောင့်မှ အားသာချက်တစ်ရပ်သည် R.C. columns တိုင်များနှင့် R.C. beams ထုပ်တန်းများက အလေးများကို ထမ်းသောကြောင့် လူနေအိမ်များ၏ နံရံများသည် ထူထပ်ရန် မလိုအပ်။ မိမိတို့နိုင်ငံ များစွာသော ဒေသများ၏ ရာသီဥတုတွင် ထူသော နံရံများသည် ညပိုင်း နေဝင်ပြီးသည့်အခါ အတွင်းခန်းများကို အပူဟပ်သည်။ စာဖတ်သူများ သတိပြုမိမည်မှာ နံရံထူနှင့် ရှေးတိုက်ကြီးများတွင် ညနေပိုင်းတွင် အိမ်အတွင်းပူအိုက်၍ အပြင်ထွက်နေကြရသည်။ R.C. စနစ်တွင် ကောင်းသော အားသာချက်များရှိသော်လည်း အားနည်းချက်များသည် ဆောက်လုပ်ချိန် ပိုမိုကြန့်ကြာခြင်းနှင့် ယခုအခြေအနေတွင် P.A.E. ဟု အတိုခေါ်သော ကြမ်းခင်းဧရိယာ စတုရန်းတစ်ပေ ဆောက်လုပ်စရိတ်သည် Load bearing အုတ်နံရံများကို အခြေပြုသော စနစ်ထက် ၃၀ ရာခိုင်နှုန်းခန့်ပိုသည်။

R.C. စနစ်၏ အခြားအားသာချက်များသည် အထပ်ပေါင်းများစွာ ဆောက်လုပ်နိုင်သည်။ ယခုကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆောက်အအုံသည် UAE နိုင်ငံမှ Burj Khalifa ဖြစ်ပြီး အမြင့်ပေ ၂၇၀၀ ကျော်ရှိသည်ဟု ဖတ်ရပါသည်။ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် R.C. frame structure ဖြင့် တည်ဆောက်ခဲ့သော အဆောက်အအုံများသည် အမြင့်ဆုံးအထပ် ၃၀ ကျော်ခန့်ရှိကြပြီး ထိုသည်တို့ကို အထူးအားကောင်းသော ဘိလပ်မြေနှင့် ဆောက်ခဲ့ကြရပေမည်။ နိုင်ငံအတွင်းရှိ ဈေးကွက်တွင် ဝယ်ယူရရှိနိုင်ပြီး ပုံမှန်ပြည်တွင်းဖျော်စပ်သော အချိုးနှင့်နည်းများမှ ရရှိနိုင်သော Strength ခိုင်ခံ့မှုသည် 5000 psi ဝန်းကျင်သာ ရရှိနိုင်သောကြောင့် ဈေးကွက်မှ ဘိလပ်မြေနှင့် တည်ဆောက်ကြလျှင် အထပ် ၂၀ ခန့်သာဖြစ်ပါမည်။

စာရေးသူ၏ ကိုယ်ပိုင်အယူအဆမှာ မိမိတို့နိုင်ငံအနေဖြင့် အထပ်များစွာ ဆောက်ခြင်းဖြင့် များစွာအကျိုးမရှိပါ။ အထပ်မြင့်လျှင် ထိန်းသိမ်းစရိတ်မြင့်သည်။ အထပ်မြင့်နေသူများအတွက် မော်တော်ယာဉ်ထားရန် Parking space လိုအပ်သည်။ ထို့အတွက် မြေအောက်တွင် ဆောက်လျှင် ကုန်ကျစရိတ်များစွာမြင့်မားသည်။ မြေပေါ်တွင် ဆောက်လျှင် မြေဧရိယာလိုအပ်သည်။ ကောင်းကျိုး ဆိုးကျိုးများ ညှိနှိုင်းတွက်ချက်သင့်ကြပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိ မြို့များတွင် မိမိတို့ယဉ်ကျေးမှုအရ ဘုရားစေတီများရှိကြသည်။ ထိုဘုရားစေတီတို့သည် မိမိတို့ဘိုးဘွားများက လူအများနေရာအနှံ့မှ ဖူးနိုင်ရန် အထွတ်အထိပ်နေရာများတွင် တည်ထားခဲ့ကြသည်။ ဘုရားစေတီဝန်းကျင်များတွင် ဘုရားစေတီတို့ကို အမြင်ကွယ်သော၊ အမြင်ကာသော အထပ်မြင့်များ မဆောက်သင့်ပါ။

*စာမျက်နှာ ၇ သို့*

**“ မိမိတို့နိုင်ငံအနေဖြင့် အထပ်များစွာဆောက်ခြင်းဖြင့် များစွာအကျိုးမရှိပါ။ အထပ်မြင့်လျှင် ထိန်းသိမ်းစရိတ်မြင့်သည်။ အထပ်မြင့်နေသူများအတွက် မော်တော်ယာဉ်ထားရန် Parking space လိုအပ်သည်။ ထို့အတွက် မြေအောက်တွင်ဆောက်လျှင် ကုန်ကျစရိတ်များစွာမြင့်မားသည်။ မြေပေါ်တွင် ဆောက်လျှင် မြေဧရိယာလိုအပ်သည်။ ကောင်းကျိုးဆိုးကျိုးများ ညှိနှိုင်းတွက်ချက်သင့်ကြပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိ မြို့များတွင် မိမိတို့ယဉ်ကျေးမှုအရ ဘုရားစေတီများရှိကြသည်။ ထိုဘုရားစေတီတို့သည် မိမိတို့ဘိုးဘွားများက လူအများနေရာအနှံ့မှ ဖူးနိုင်ရန် အထွတ်အထိပ်နေရာများတွင် တည်ထားခဲ့ကြသည်။ ဘုရားစေတီဝန်းကျင်များတွင် ဘုရားစေတီတို့ကို အမြင်ကွယ်သော၊ အမြင်ကာသော အထပ်မြင့်များ မဆောက်သင့်ပါ ”**



V-Pile Co နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ‘ဗိုလ်ဗထူး’ အိမ်ရာစီမံကိန်း။

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ပုသိမ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး ဝန်ထမ်းများ စုပေါင်းဇီဝိတဒါန သွေးလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က ပုသိမ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။



အဆိုပါ သွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ကြပြီး သွေးလှူဒါန်းနေကြသည့် ဝန်ထမ်းများအား ကြည့်ရှုအားပေးစကား ပြောကြားကာ အာဟာရဒါန လက်ဆောင်များ ပေးအပ်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံခရိုင်၊ မအူပင်ခရိုင်၊ ဟင်္သာတခရိုင်တို့တွင်လည်း ခရိုင်ပြည်သူ့ဆေးရုံကြီးများ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားများကို ယမန်နေ့ နံနက် ၉ နာရီတွင် တစ်ပြိုင်တည်းကျင်းပကြရာ သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ခဲ့ကြောင်းနှင့် ဝန်ထမ်း ၆၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေတောင်မြို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်

**ရွှေတောင် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် ရွှေကြာတင်ဘုန်းတော်ကြီးကျောင်း၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးဖြိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်အေးအေးသန့်က သင်တန်းသူတစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ သင်တန်းတွင် အမျိုးသမီးဝတ် အင်္ကျီအမျိုးမျိုး၊ ဂါဝန်၊ သုံးလွှာစကပ်၊ လေးလွှာစကပ်၊ ချိတ်စကပ် စသည်တို့ကို သင်တန်းကာလမှာ ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



# တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**တောင်ငူ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တောင်ငူခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ယမန်နေ့တွင် စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့စုပေါင်းသွေးလှူဒါန်းရာသို့ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဒေါ်ခင်သန်းဝင်းက သွေးလှူဒါန်းကြသည့် အရာထမ်း၊ အမှုထမ်း ၁၁ ဦးအား လာရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မော်လမြိုင်ခရိုင်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ် သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်

**မော်လမြိုင် ဇွန် ၁၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။



ဦးစွာ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းဝေက အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် မဖြစ်မီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးချိန်တို့တွင် ဆောင်ရွက်ရမည့် အမှတ်အသားအရောင်များအကြောင်း ဘေးအန္တရာယ်ကြုံတွေ့လာပါက ပြင်ဆင်ရန်လိုအပ်သည့် ဆောင်ရန် ရှောင်ရန်အချက်များ၊ ဘေးအန္တရာယ်ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူအင်အားစုဖွဲ့မှု၊ ပစ္စည်းအင်အား စုဖွဲ့မှုတို့အား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၇ မှ*

အထူးသဖြင့် ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော် ဝန်းကျင်၌ စေတီတော်ရင်ပြင်ထက်ပို၍ မမြင့်ရန် စည်းကမ်းကိုသာ လက်ခံကျင့်သုံးသင့်သည်။ မန္တလေးမြို့တွင်လည်း နန်းမြို့ရိုးပတ်လည်နှင့် မန္တလေးတောင်မြင်ကွင်းကို ကွယ်စေသည့် ၆၆ လမ်း တစ်လျှောက်တွင် အဆောက်အအုံအမြင့် သတ်မှတ်ချက် စည်းကမ်းများကို လိုက်နာသင့်ပါသည်။

(၅) **Steel frame structures (သံဖရိန်စနစ်)**။ ။ သံဖရိန်စနစ်သည် R.C. သံကူကွန်ကရစ်ထက်ပင် ၃၀ ရာခိုင်နှုန်းခန့် ဈေးကြီးသဖြင့် အချို့သော အစိုးရအဆောက်အအုံများတွင်သာ အသုံးပြုလေ့ရှိကြသည်။ ထိုစနစ်၏ အားသာချက်များသည် လျင်မြန်စွာ ပြီးစီးဆောက်လုပ်နိုင်သည်။ အထပ်မြင့်များစွာ ဆောက်သော်လည်း ငလျင်ဒဏ်ကို ကောင်းစွာခံနိုင်သည်။

(၆) **Precast – prefabricated system (ကြိုတင်ပုံလောင်းတည်ဆောက်သောစနစ်)**။ ။ အထက်တွင်တင်ပြခဲ့သော ဆောက်လုပ်ရေးစနစ်ငါးမျိုးသည် မြန်မာနိုင်ငံတွင် အထိုင်ကျနေသော ဆောက်လုပ်ရေးနည်းများဖြစ်ကြသည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က V–Pile Co သည် ရန်ကုန်မြို့တော်စည်ပင်နှင့် ပူးပေါင်း၍ **"ဗိုလ်ဗထူး"** အိမ်ရာစခန်း တည်ဆောက်ရာတွင် နည်းပညာအသစ်တစ်ရပ် စမ်းသပ်ဆောက်လုပ်ခဲ့ပါသည်။ ထိုစနစ်၏ အခြေခံသဘောကို အတိုချုံးတင်ပြရသော် အထက်တွင် တင်ပြခဲ့သော R.C. ဖရိန်၊ တိုင်များနှင့် ထုပ်များအစား ကြိုတင်၍ R.C. နံရံများနှင့် ကြမ်းခင်းများကို အခြားတစ်နေရာတွင် တည်ဆောက်ထားသည်။ ဆောက်လုပ်မည့်နေရာတွင် Foundations အုတ်မြစ်ချခြင်းများကို ပြင်ဆင်ထားပြီး R.C. နံရံများနှင့် ကြမ်းခင်းများကို သယ်ယူပြီး တပ်ဆင်ခြင်းဖြစ်သည်။ ထိုစနစ်နှင့် ဆင်ဆင်တူသော Prestressed–prefabricated စနစ်သည် ဆိုဗီယက်ယူနီယံအချိန်က အရှေ့ဥရောပနိုင်ငံများတွင် နှစ်စဉ် တိုက်ခန်းထောင်ပေါင်းများစွာ ဆောက်လုပ်ပြီးစီးခဲ့ကြသည်။ ထိုနိုင်ငံများတွင် လုပ်သားအင်အားရှားပါးပြီး ပစ္စည်းပေါများသော အခြေအနေဖြစ်၍ လွန်စွာသင့်လျော်ခဲ့ပါသည်။ မိမိတို့နိုင်ငံတွင်လည်း ယခုအခါ လုပ်သားရှားလာသော အခြေအနေတွင် စမ်းသပ်သင့်ပါသည်။ ထိုစနစ်မှ P.A.E. စတုရန်းတစ်ပေ ဆောက်လုပ်စရိတ်သည် မြင့်မားပါမည်။ သို့သော် အချိန်တိုအတွင်း တိုက်ခန်းပေါင်းများစွာ ပြီးစီးနိုင်ပါမည်။

**မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ**။ ။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍနှင့်ပတ်သက်၍ စာရေးသူ၏ အမြင်များကို အတိုချုံးတင်ပြအပ်ပါသည်။ ဆောက်လုပ်ရေးကဏ္ဍဟု ဆိုရာတွင် အိမ်များ၊ လမ်းများ၊ တံတားများ စသည်တို့လည်း ပါဝင်ပါသည်။ ထိုမိမိတို့ လူ့ပတ်ဝန်းကျင်တွင် အဓိကလိုအပ်သော အဆောက်အအုံများကို မိမိတို့တိုင်းပြည်ရှိ ပညာရှင်များက နိုင်ငံခြားအကူမလိုဘဲ ဆောက်နိုင်၊ ဆောက်တတ်ကြပါသည်။ ဆောက်နိုင်ကြောင်း၊ ဆောက်တတ်ကြောင်းလည်း မိမိတို့က သက်သေပြခဲ့ပြီးဖြစ်ပါသည်။ ယခု ငလျင်တွင် အချို့အဆောက်အအုံများ ပျက်စီးပြိုလဲခဲ့ကြခြင်းသည် မတတ်ကျွမ်းသော၊ လိုင်စင်မရှိသောသူများက တွက်ချက်ခြင်းမရှိဘဲ မမှန်မကန် ဆောက်လုပ်ခဲ့ကြသောကြောင့်သာဖြစ်သည်။ သို့သော် မိမိတို့ဆောက်ကြ၊ အသုံးပြုကြသော ပစ္စည်းများသည် မိမိတို့ ဦးနှောက်၊ မိမိတို့အသိဉာဏ်တို့ကဲ့သို့ "ပြည်တွင်းဖြစ်"များ မဟုတ်ဘဲ ပစ္စည်း အများစုသည် နိုင်ငံခြားမှ တင်သွင်းနေကြရပါသည်။

ပန်းရန်ဆရာကိုင်သော သံလက်၊ လျှပ်စစ်ဆရာကိုင်သော ပလာယာ၊ ဝက်အူလှည့်မှစ၍ မိမိတို့များစွာသုံးနေသော Mild steel ခေါ် သံမဏိစားများ၊ အလှဆင်ကျောက်ပြားများ၊ ကြွေပြားများ စသည်ဖြင့် တန်ဖိုးမြင့်သောပစ္စည်းများစွာတို့သည် နိုင်ငံခြားမှဖြစ်ကြသည်။ ဘိလပ်မြေသည် ၇၀ ရာခိုင်နှုန်းခန့် Limestone ထုံးကျောက်မှဖြစ်ပြီး မိမိတို့တွင် မြောက်မြားစွာရှိသော်လည်း ဘိလပ်မြေကို တင်သွင်းနေရပါသည်။

အလှဆင်ကြွေပြားများ၊ သန့်စင်ခန်းသုံးပစ္စည်းများသည် Kaolinite ခေါ်သော မြေဖြူကို အခြေခံ၍ ထုတ်လုပ်သည်။ ထိုပစ္စည်းကို ကျောက်ပန်းတောင်းမြို့အနီး၊ တောင်နီတောင်တွင် များစွာရှိသည်ဟု ဖတ်ဖူးပါသည်။ သို့သော် ထိုဆောက်လုပ်ရေးပစ္စည်းများစွာသည် နိုင်ငံခြားမှ တင်သွင်းနေကြရသည်။ မိမိတို့အိမ်ဆောက်ကြလျှင် အုတ်၊ သဲနှင့် ကျောက်တို့သည်သာ အစစ်အမှန် ပြည်တွင်းဖြစ် ပစ္စည်းများဖြစ်သည်။ မိမိတို့တွင် ငွေသန်းပေါင်းများစွာ ရင်းနှီးနိုင်သောသူများရှိကြသည်။ ထိုသူတို့၏ အရင်းအနှီးများကို ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုလျှင် နိုင်ငံတော်က နှစ်စဉ်သုံးစွဲနေရသော နိုင်ငံခြားငွေများလည်း လျော့ကျမည်၊ လူများစွာလည်း အလုပ်အကိုင်ရရှိမည်။ ထိုမှတစ်ဆင့် မိမိတို့သည် စက်မှုနိုင်ငံဖြစ်ရန် ခြေတစ်လှမ်း စတင်လှမ်းသင့်ပြီဟု ရေးသားတင်ပြလိုက်ရပါသည်။ ။




# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၃**

မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသ ကြီးနေ ဦးစိုးညွန့် + ဒေါ်ခင်ကြည် (ကြာညိုပန်း-မိသားစု)က ငွေကျပ် ၅၀၀၀၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး(**အပေါ်ပုံ**) ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၃) ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီက စီစဉ်ဖွင့်လှစ်သည့် သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ (၂) ဦးခင်မောင်ကျော်ဒင်က သင်တန်းဖွင့်လှစ်နိုင်မှု အခြေအနေ၊ သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းကို အပတ်စဉ် သောကြာနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဆရာများဖြစ်သည့် ဆရာဦးခင်မောင်ဇော်က International Relations ဘာသာရပ်၊ ဆရာဦးသိုက်ထွန်းက Broadcasting Media ဘာသာရပ်၊ ဆရာဦးမင်းမြတ်စိုးမိုးက App.Monetisation ဘာသာရပ်၊ ဆရာဒေါက်တာတင်အောင်က Media Counter ဘာသာရပ်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အဘိုးအဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံတွင် ဆေးပဒေသာပင်ထည့်ဝင်လှူဒါန်းခြင်းကျင်းပ

တောင်ကြီး ဇွန် ၁၃

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းရိုးမ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ဆေးပဒေသာပင် ထည့်ဝင်လှူဒါန်းခြင်းကို ယနေ့နံနက် ၇ နာရီခွဲက ရှမ်းရိုးမ ဘိုးဘွားရိပ်သာနှင့် ဇီဝိတဒါန သံဃာ့ဆေးရုံတို့၌ ပြုလုပ်သည်။**

ဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးနှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ညိုမီစော၊ ဥက္ကဋ္ဌ ဒေါ်စိုးပပနှင့် အဖွဲ့ဝင်များက ရှမ်းရိုးမ ဘိုးဘွားရိပ်သာ အဘိုးအဘွား ၂၂ ဦးအား ရှိခိုးကန်တော့ပြီး တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ တဘက်ပဝါတစ်ထည်စီ လှူဒါန်းပေးအပ်ပြီး နံနက်စာ ကြာဆံကြော်ဖြင့် တည်ခင်းဧည့်ခံ အာဟာရဒါန ကျွေးမွေးသည်။ (**ယာပုံ**)

**ဆေးပဒေသာပင်လှူဒါန်း**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးပဒေသာပင်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကျပ်ငါးသိန်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ညိုမီစောက ငွေကျပ်ငါးသိန်း၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာကြည်စိုးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်ဇင်(ပြန်/ဆက်)**



# မင်္ဂလာဒုံမြို့နယ်၌ စာအုပ်စာစောင်နှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်လှူဒါန်းပွဲနှင့် စာကြည့်တိုက်ဆိုင်ရာဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီက လှူဒါန်းသော စာအုပ်စာစောင်များနှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့် ပေးအပ်လှူဒါန်းပွဲနှင့် စာကြည့်တိုက်ဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာကြည့်တိုက်များအား ပညာဘဏ်တိုက် စာကြည့်တိုက်သဖွယ် ဖြစ်လာစေရန်နှင့် စာကြည့်တိုက် ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသီဟဘော်ဇံက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များအား ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ စာဖတ်ရှိန်မြှင့်မားရေးကဏ္ဍတွင် ပြည်သူအားလုံးပါဝင်ပြီး ပြည်သူများ စာပေဖတ်ရှုခြင်းကြောင့် အကျိုးကျေးဇူးများစွာဖြစ်ထွန်း လာစေနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီက မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပေါက်ကုန်းရပ်ကွက် အလင်းရောင်စာကြည့်တိုက်၊ ပုလဲကျေးရွာ ပုလဲငွေရောင်စာကြည့်တိုက်နှင့် လေးထောင့်ကန်ကျေးရွာ ငွေလဝန်းစာကြည့်တိုက်တို့အတွက် စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ်တင်သံစင်တစ်စင်၊ ပလတ်စတစ်ထိုင်ခုံရှစ်လုံးနှင့် စာအုပ် ၄၁ အုပ်တို့ကို မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသီဟဘော်ဇံနှင့် တာဝန်ရှိသူများက ထပ်ဆင့်ပေးအပ်လှူဒါန်းခဲ့ရာ သက်ဆိုင်ရာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများနှင့် စာကြည့်တိုက်မှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။**မင်းသိန်းထွန်း**



# လျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၁၃ ရက်အထိ သေဆုံးသူ ၃၇၄၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၇ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

နေပြည်တော် ဇွန် ၁၃

**မတ် ၂၈ ရက်တွင်ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်စစ်ဆေးကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။** (အောက်ပုံ)



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အလားတူ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြန်လည်စစ်ဆေးကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးနှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား)၊ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ဩဝါဒစကားပြောကြားပြီး တိုင်းမှူးက အမှာစကား ပြောကြားသည်။ ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဗိုလ်မှူးချုပ် ရဲနိုင်မျိုး(အငြိမ်းစား)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား အသုံးအဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၃**

အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဆင့်ပွားဒိုင်းဆုနှင့် ဒိုင်းဆုရရှိသော ပုသိမ်လေတပ်စခန်းဌာနချုပ်အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အမျိုးသား ပွဲစဉ်ကာဘိုင်ထိလဲ စွမ်းရည်ပြပစ်ခတ်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ၊ Yar Zar Min Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YUTONG T13E နှင့် YUTONG U12 အမျိုးအစား လျှပ်စစ်သုံး ခရီးသည်တင်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ညောင်ဦးမြို့၌ ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး Talk Show ဆောင်ရွက်

**ညောင်ဦး ဇွန် ၁၃**

စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါအကြောင်းအရာများ၊ Online ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာများနှင့် အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်း ထုတ်ပြန်ချက်များကို စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စားသုံးသူပြည်သူတစ်ရပ်လုံး သိရှိစေနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အသိပညာပေးလျက်ရှိရာ ဇွန် ၁၁ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာ (MyRO) နှင့်ပတ်သက်၍ အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့သည်။




အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ(Talk Show)တွင် ခရိုင်တာဝန်ခံ ဦးတင်မျိုးခိုင်က ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်များ၊ မှတ်ပုံတင်သက်တမ်းကာလနှင့် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်လချုပ် ထည့်သွင်းရမည့် နည်းလမ်းများအား ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မျိုးခိုင်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ပဲခူး ဇွန် ၁၃**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့သည် ဇွန် ၁၃ ရက် နံနက်ပိုင်းက ဟံသာဝတီ ဗုဒ္ဓဂါယာ(ရွှေဂူကြီး)ဘုရားဝင်းအတွင်း၌ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စေရေး၊ ရေမြေထိန်းသိမ်းကာကွယ်ရေးနှင့် ပြည်သူများအကြား သစ်တောသစ်ပင်များကို ချစ်မြတ်နိုးသည့်စိတ်များ ပေါ်ပေါက်လာစေရေးတို့အတွက် နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ သစ်တောသစ်ပင်များ တည်ရှိခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးဖြစ်စဉ်များကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များသည် လူသားတို့အသက်ရှင်ရပ်တည်နိုင်ရေး သဘာဝကပေးထားသည့် လေသန့်စင်စက်ကြီးများပင်ဖြစ်ကြောင်း၊ သစ်တောများအပါအဝင် သဘာဝသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့စေရန် ဆောင်ရွက်ပေးခြင်းသည် လူသားအကျိုးစီးပွားအပြင် နောင်အနာဂတ်အတွက် ကောင်းမွန်သောလူမှုဘဝပတ်ဝန်းကျင်ကို ပုံဖော်ပေးခဲ့ခြင်းဖြစ်၍ စိုက်ပျိုးသည့် သစ်ပင်များအား တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် ပြုစုထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် သစ်ပင်များရှင်သန်ကြီးထွားလာမှုနှင့်အတူ ပဲခူးမြို့တော်ကြီးသည်လည်း Green City အဖြစ် ရောက်ရှိလာမည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာအသီးသီး၌ ငုရွှေဝါ၊ ခရေ၊ ပန်းပိတောက်၊ ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းဝါ၊ စိန်ပန်းပြာ၊ မယ်ဇယ်၊ ပျဉ်းမ စုစုပေါင်းသစ်ပင် ၁၅၀၀ စိုက်ပျိုးပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပဲခူးတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှုအား လိုက်လံကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီး၌ ၂၀၂၅ ခုနှစ် မေလမှစ၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဇွန်လနှင့်ဇူလိုင်လအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကာ သစ်ပင်ပေါင်း ၁၄ သိန်းကျော်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ ဥပဒေအသိပညာပေး ဟောပြောပွဲကျင်းပ

**မြို့သစ် ဇွန် ၁၃**
မြို့သစ်မြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ရတနာခန်းမ)၌ ယနေ့နံနက်ပိုင်းက ဥပဒေအသိပညာပေးဟောပြောပွဲကျင်းပရာ မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲ၏ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အမှာစကားပြောကြားသည်။



ဆက်လက်၍ တရားလွှတ်တော်ရှေ့နေဦးစောဝင်းမောင်က သစ်တောဥပဒေနှင့် အမျိုးသမီးများအပေါ် အကာအကွယ်ပေးထားသည့်ဥပဒေ၊ အဖွဲ့ခွဲအတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး ဥပဒေရာရှိ ဒေါ်မိသန္တာမြင့်က မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းတာဝန်များ၊ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီရွှေက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံခန့်ခွဲသောဥပဒေများ၊ အမှတ်(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့စုမှူး၊ ဒုတိယရဲမှူး ရဲမှူးမင်းလွင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ အသိပညာပေး ပြောကြားသည်။

**ကိုဇော် (ပြန်/ဆက်)**

## ဇဟန်းမြို့နယ် ဆရာစံမြောက်အနောက် သမဝါယမအသင်းလီမိတက်စည်းဝေး

**ရန်ကုန် ဇွန် ၁၃**
ဇဟန်းမြို့နယ်ဆရာစံမြောက်အနောက် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန်၁၃ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်သင်းသင်းအေးက သမဝါယမရေ့လုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က အသင်း၏အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်အစုပြည့်အသင်းသား ၂၆၈ ဦးကို တစ်ဦးလျှင် ဂရိတ်မြေပဲဆီသန့် ၅၀ သား၊ အစုပေါ်အမြတ်ငွေကျပ် ၂၆၈၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**



## မြစ်တ်မြို့၌ သက်သေခံပစ္စည်း ဆာလဖြူရစ်အက်ဆစ်များကို မြေမြှုပ်ဖျက်ဆီး



**မြိတ် ဇွန် ၁၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်မြို့မရဲတပ်ဖွဲ့စခန်းမှ သက်သေခံပစ္စည်း ဆာလဖြူရစ်အက်ဆစ် ၂၇၉၈ ဒသမ ၈ ကီလိုဂရမ်အား မြေကျင်းတူး၍ ဒေသတွင်း မြေမြှုပ်ဖျက်ဆီးခြင်းကို ယမန်နေ့က ကလွင်ဘာသာစုံ သုသာန်အနီး၌ မြေမြှုပ်ဖျက်ဆီးရာ ဒေသတွင်းမြေမြှုပ်ဖျက်ဆီးရေး ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူး အာကာအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းမင်း၊ မူးယစ်တပ်ဖွဲ့စု (၃၅) မြိတ်မှ ရဲမှူးခင်မောင်ဆွေမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ အထွက်တိုးစပါးမျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့

**အမရပူရ ဇွန် ၁၃**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ အသင်းသားတောင်သူများအတွက် မြို့နယ်သမဝါယမအသင်းစု ပံ့ပိုးငွေဖြင့် အထွက်တိုး စပါးမျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ဂျီးရွာကျေးရွာ ဂျီးရွာ(စိုက်/ထွေ)သမဝါယမအသင်းဥက္ကဋ္ဌနေအိမ်၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်၊ အမရပူရမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာအေး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လေးနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က အသင်းသားတောင်သူ ၅၄ ဦးတို့၏ စိုက်ဧက ၃၄၆ ဧကအတွက် အထွက်တိုးစပါးမျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ရတနာစေတီဆင်များရှင်ဘုရားနှင့် ဆွမ်းဦးပုညရှင်စေတီများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ဆွမ်းချက်ရပ် ရွှေစေတီပရိယတ္တိစာသင်တိုက်နှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရား၊ သကျမီတာသီလရှင် စာသင်တိုက်၊ မိုးညှင်းတောရကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများကို စက်ယန္တရားကြီး အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ဓမ္မသီလကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများအတွက် ဘိလပ်မြေအိတ် ၁၀၀ လှူဒါန်းခဲ့ကြသည်။

အလားတူ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများမီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်စစ်ဆေးကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ၍ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် မေးခွန်း/အဖြေလွှာများ ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုစဉ်ကာလအတွင်း အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးတို့အတွက် ဌာနအလိုက် ဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၌ သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် မန္တလေးတိုင်းပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မဟာအောင်မြေခရိုင် ပညာရေးမှူး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များသို့သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်သို့ သွားရောက်၍ ပြန်လည် ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု စနစ်တကျစီစဉ်ဆောင်ရွက်ထားရေး၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်စေရေး၊ မေးခွန်း/အဖြေလွှာစသည့် စာရွက်စာတမ်းများကို စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများ စီစဉ်ဆောင်ရွက်ထားရှိပေးနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အချိန်မီသွားလာနိုင်ရန် တာဝန်ရှိသူများက တတ်နိုင်သည့်နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားရေးတို့အားမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဦးပွားစေတီတော်မြတ်ကြီးနှင့် အာနန္ဒာမြတ်စွာဘုရားတို့သို့ သွားရောက်၍ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများ၊ သံဃာတော်များ ခေတ္တသီတင်းသုံးရန် ယာယီကျောင်းဆောင်များ ဆောက်လုပ်ထားရှိမှုအခြေအနေများ၊ ဘုရားဝင်းအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် အခမဲ့ဆေးပေးခန်း ဖွင့်လှစ်ထားရှိမှု အခြေအနေများနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ကျေးရွာရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း စာဖြေဌာနများတွင် ဖြေဆိုပြီး အဖြေလွှာစာစဉ်များကို စနစ်တကျ ချိပ်ပိတ်သိမ်းဆည်းဆောင်ရွက်ရန် စီစဉ်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ၇၄ ရက်မြောက်အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန် ၁၃ ရက်တွင် ၇၄ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇွန် ၁၃ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ခြောက်ပြည်ပါ(မနော်သုခ- Export Quality) ရှစ်အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ခြောက်အိတ်၊ စားအုန်းဆီပိဿာ ၃၂၀၊ ဆား ခြောက်ပိဿာ ၂၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၁၃ ထုပ်၊ ငါးပိ နှစ်ပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သားပါ ခုနစ်ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ခြောက်ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ၁၁ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ခုနစ်ထုပ်၊ ကြက်ဥ အလုံး ၁၇၀၊ ဘဲဥအလုံး ၄၀၊ ခေါက်ဆွဲခြောက် ရှစ်ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အလားတူ ၂၀၂၅ ခုနှစ် ဇွန် ၁၃ ရက်တွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) သုံးအိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား လေးပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ နှစ်ပိဿာ၊ ငါးနီတူခြောက် တစ်ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ရှစ်ပိဿာနှင့် အသားတုနှစ်ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနော်သုခ) ၁၇ အိတ်၊ စားအုန်းဆီပိဿာ ၂၂၀၀၊ ဆား လေးပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ ၁၀ ထုပ်၊ ငါးပိ တစ်ပိဿာ ၇၅ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၁၁ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား ၈ ထုပ်၊ ကြက်ဥ အလုံး ၁၄၈၀၊ ဘဲဥအလုံး ၆၂၀ နှင့် ခေါက်ဆွဲခြောက် ၅၂ ထုပ်တို့ကို သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



## မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးက တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ချီးမြှင့်ငွေများနှင့် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာဖိုက်တာ စောမင်းမင်းနှင့် ဩစတြေးလျ ဖိုက်တာ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## ONE Friday Fights 112 ပြိုင်ပွဲတွင် စောမင်းမင်းနှင့် သွေးလင်းထက်တို့ အလဲထိုးအနိုင်ရ

**ရန်ကုန် ဇွန် ၁၃**

ONE Friday Fights 112 ပြိုင်ပွဲကို ဇွန် ၁၃ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာများအနက် စောမင်းမင်းနှင့် သွေးလင်းထက်တို့ အလဲထိုးအနိုင်ရခဲ့သည်။

ONE Friday Fights ပြိုင်ပွဲတွင် ပထမဆုံးထိုးသတ်သည့် စောမင်းမင်းသည် လက်စွမ်းပြပြီး အနိုင်ယူသွားသည့်ပွဲဖြစ်သည်။ စောမင်းမင်းသည် ဩစတြေးလျလူငယ်ဖိုက်တာ သရိုးဘရစ်ချ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဘယ်၊ ညာလက်သီးများကြောင့် ပြိုင်ဘက်ကစားသမား အထိနာခဲ့ရသည်။ စောမင်းမင်းသည် ပွဲစကတည်းက လက်သီးချက်များဖြင့် အဓိကထိုးသတ်ခဲ့ရာ ဩစတြေးလျဖိုက်တာ အခက်တွေ့ခဲ့ရသည်။ စောမင်းမင်းသည် သုံးချီစလုံး လက်သီးချက်များဖြင့်သာ ပြိုင်ဘက်ကစားသမားကို အထိနာစေခဲ့ပြီး ပွဲပြီးဆုံးခါနီး တတိယအချီ ၂ မိနစ် ၅၃ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။

Co–Main Event အဖြစ် မြန်မာဖိုက်တာ သွေးလင်းထက်နှင့် ထိုင်းဖိုက်တာ ကီရီပတ်တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် သွေးလင်းထက်သည် ပထမအချီ ၁ မိနစ် ၄၃ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစတွင် နှစ်ဦးစလုံး အကဲစမ်းထိုးသတ်နေသော်လည်း သွေးလင်းထက်၏ ပတ်တံတောင်ရိုက်ချက်မိကာ ကီရီပတ် အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ သွေးလင်းထက်သည် ယခုပွဲတွင် အလဲထိုးအနိုင်ရခဲ့သဖြင့် ONE CEO ချီးမြှင့်သည့် အပိုဆုကြေး ဘတ်သုံးသိန်းခွဲရရှိခဲ့သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ–ONE Championship**

*✻ ကျောဖုံးမှ*


ယနေ့ညမှ ၁၉-၆-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၃-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၄-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၃-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၆-၆-၂၀၂၅ ရက်နေ့မှ ၁၇-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇွန် ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဆိုချီမြို့၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဇီဝလုံခြုံမှု ညီလာခံဖွင့်ပွဲတက်ရောက်






**နေပြည်တော် ဇွန် ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Sergey Ryabkov နှင့် Federal Service for Surveillance on Consumer Rights Protection and Human Well-being ၏ ဥက္ကဋ္ဌ Dr. Anna Popova တို့၏ ဖိတ်ကြားချက်အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားတောင်ပိုင်း ဆိုချီမြို့ရှိ နိုဗိုတယ် ဟိုတယ်၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ဇီဝလုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများ၊ ပြဿနာများနှင့် ဖြေရှင်းချက်များဆိုင်ရာ နိုင်ငံတကာသိပ္ပံနှင့်လက်တွေ့ကျသော ပဉ္စမအကြိမ်မြောက် ညီလာခံ (5th International Scientific and Practical Conference "Global Biosecurity Challenges, Problems and Solutions") ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

### အမှာစကားပြောကြား

အခမ်းအနား မစတင်မီ ရုရှားနိုင်ငံတော်အလံကို အလေးပြုကြသည်။ ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ပေးပို့သော ညီလာခံသဝဏ်လွှာကို Dr. Anna Popova က ဖတ်ကြားပြီး ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Sergey Ryabkov က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် Dr. Anna Popova က ကမ္ဘာ့ဇီဝလုံခြုံမှု၏ ခေတ်ပေါ် စိန်ခေါ်မှုများကို ဗဟုဝင်ရိုး ကမ္ဘာ့အစီအစဉ်အတွင်း တိုက်ဖျက်ရေး မဟာဗျူဟာများ ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီး H.E Mr. Sergey Ryabkov က ဉာဏ်ရည်တုနည်းပညာ (AI) အပါအဝင် ခေတ်မီနည်းပညာများကို အသုံးချ၍ ကမ္ဘာ့ဇီဝလုံခြုံမှုအပေါ် ခြိမ်းခြောက်နိုင်မှုများနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ ကုလသမဂ္ဂ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ် Ms. Izumi Nakamitsu က ဂုဏ်ပြုအမှာစကားနှင့် ဇီဝလုံခြုံမှုအတွက် နည်းပညာ၏ အရေးပါပုံကို ပြောကြားသည့် Video Message ကို ပြသသည်။

### ဆွေးနွေးပြောကြား

ထို့နောက် Plenary Session ကိုကျင်းပရာ ဦးစွာ ဘရာဇီးနိုင်ငံမှ ဇီဝလက်နက် တားဆီးပိတ်ပင်ရေး စာချုပ် (Biological Weapon Convention၊ BWC) ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် Mr. Frederico Meyer က BWC အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အနာဂတ်တွင် ဇီဝနှင့်အဆိပ်လက်နက်များ ဘေးအန္တရာယ်မှ ကာကွယ်ထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ယုဂန္ဒာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Diana Atwine က ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ နိုင်ငံတွင်း ဇီဝကပ်ရောဂါ ထိန်းချုပ်ထားမှု၊ ရုရှားနိုင်ငံမှ လှူဒါန်းသော ရွေ့လျားသုတေသန ဓာတ်ခွဲခန်းကားများတွင် ရုရှားပညာရှင်များဖြင့် ပူးပေါင်း၍ ဇီဝရောဂါကာကွယ်ရေးနှင့် ကုသရေး ဆောင်ရွက်မှု၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) ဆိုင်ရာ ဥရောပကိုယ်စားလှယ် Budimir Plavsic က ဇီဝခြိမ်းခြောက်မှုများနှင့် တားမြစ်မှုများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ဌာနမှူး Sergey Kuznetsov က ဇီဝလက်နက်တာဆီးပိတ်ပင်ရေး ကွန်ဗင်းရှင်း (Biological Weapon Convention၊ BWC)နှင့် အညီ မြှင့်တင်ဆောင်ရွက်နေမှုများ၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ လက်နက်ထိန်းချုပ်ရေးနှင့် ဖျက်သိမ်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Wang Daxue က AI အသုံးပြု၍ ဇီဝအချက်အလက်များကို ပြုပြင်ဖန်တီးရာတွင် ဆိုးကျိုးများကိုလည်း သတိပြုရန်လိုအပ်မှု၊ ရုရှားဇီဝနှင့် ဆေးပညာဆိုင်ရာ သုတေသနသိပ္ပံ (Rospotrebnadzor)၏ ညွှန်ကြားရေးမှူး Vadim Govorun က သက်ရှိဇီဝစနစ်ကို AI ဖြင့် တုပပြင်ဆင်ဖန်တီးခြင်းများကို စနစ်တကျ ဆန်းစစ်လေ့လာပြီးမှသာ အမှန်တကယ်လိုအပ်သော နေရာတွင်သာ အသုံးပြုသင့်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးချက်များကို အနှစ်ချုပ်သုံးသပ်ကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### လေ့လာကြည့်ရှု

Plenary Session အပြီး၌ ဒုတိယဝန်ကြီးသည် ခန်းမအတွင်းနှင့် အပြင်ဘက်တို့တွင် ရုရှားဇီဝကပ်ရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့် စမ်းသပ်ကိရိယာပစ္စည်းများနှင့် ရွေ့လျားသုတေသနဓာတ်ခွဲခန်းယာဉ်များ ဆိုင်ရာ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုကာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အုတ်ဖိုမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

**အုတ်ဖို ဇွန် ၁၃**

ဒေသခံပြည်သူများအနေဖြင့် သစ်တော၊ သစ်ပင်များ၏ တန်ဖိုးကို အလေးထား သိရှိနားလည်နိုင်စေရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန် မျှတရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မိုးညိုတန်းရပ်ကွက် ချမ်းမြသာမြေမြို့သစ် သန္တိသုခဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ယနေ့ နံနက် ၇ နာရီက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်သစ်တောဦးစီးဌာနက စီစဉ်ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အုတ်ဖိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မိုးနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူက သတ်မှတ်နေရာများ၌ ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ မန်ဂျန်ရှား၊ ကံ့ကော်၊ ငု၊ စိန်ပန်း၊ ပျဉ်းကတိုးနှင့် သက်န်း ပျိုးပင်ပေါင်း ၃၀၀ တို့ကို စနစ်တကျစုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မကွေးမြို့၌ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

**မကွေး ဇွန် ၁၃**

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆပ်ကော်မတီက "ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့" အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေး-တောင်တွင်းလမ်းမကြီး၊ မကွေးပညာရေးဒီဂရီကောလိပ်ရှေ့ (ကြာပန်းအဝိုင်း)၌ စိုက်ထူဆောင်ရွက်သည်။



မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုဝင်းနှင့် အဖွဲ့ဝင်များက "ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့"အသိပညာပေး မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ဆိုင်ရာ သိကောင်းစရာ အကြောင်းများပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ကသာခရိုင်၌ စက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

**ကသာ ဇွန် ၁၃**

ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ယမန်နေ့က အဆိုပါဦးစီးဌာန ယာယီသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက စီမံကိန်းပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၁ ရက်အထိ လည်းကောင်း၊ မွမ်းမံသင်တန်းကို ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၂ ရက်အထိ လည်းကောင်း သင်တန်းသူ ၁၂ ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ရဲလင်းထွန်း(ကသာ)**

## အဲအိန္ဒိယလေယာဉ်တစ်စင်း ဗုံးခြိမ်းခြောက်ခံရမှုကြောင့် ဖူးခက်လေဆိပ်တွင် အရေးပေါ်ဆင်းသက်

**ဗန်ကောက် ဇွန် ၁၃**

ထိုင်းနိုင်ငံ ဖူးခက်မှ နယူးဒေလီမြို့သို့ ထွက်ခွာလာသည့် အဲအိန္ဒိယလေယာဉ် တစ်စင်းသည် ဇွန် ၁၃ ရက်က ဗုံးခြိမ်းခြောက်ခံရမှုကြောင့် အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း ဖူးခက်လေဆိပ်မှ ထုတ်ပြန်သည်။




လေယာဉ်ပေါ်တွင် ခရီးသည် ၁၅၆ ဦးလိုက်ပါလာသည့် အဲအိန္ဒိယလေယာဉ် အေအိုင်-၃၇၉ သည် ဖူးခက်မှ အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ဦးတည်ထွက်ခွာလာချိန်တွင် လေယာဉ်မှူးက လေယာဉ်ပေါ်တွင် ဗုံးခြိမ်းခြောက်မှုကြောင့် အရေးပေါ် ဆင်းသက်ရန် တောင်းဆိုခဲ့ပြီး လေဆိပ်၏ အရေးပေါ်အခြေအနေ အစီအစဉ်ကို စတင်ရန် တောင်းဆိုခဲ့သည်။

လေယာဉ်သည် ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်းနှင့် လေယာဉ်အမှုထမ်းတစ်ဦးက လေယာဉ်ပေါ်ရှိ အိမ်သာအတွင်း ဗုံးခြိမ်းခြောက်မှုဟု ယူဆရသည့်စာကို တွေ့ရှိခဲ့ရသဖြင့် လေယာဉ်မှူးက လေကြောင်းထိန်းချုပ်ရေးစင်တာသို့ သတင်းပေးပို့ခဲ့ကြောင်း ဖူးခက်လေဆိပ်၏ အထွေထွေမန်နေဂျာ မွန်ချိုင်းတာနိုဒီက သတင်းထောက်များအား ပြောကြားသည်။

လေယာဉ်ဘေးကင်းစွာ ဆင်းသက်ပြီးနောက် လေယာဉ်ပေါ်ပါ ခရီးသည်များကို ဘေးလွတ်ရာ ပြောင်းရွှေ့ပေးခဲ့ပြီး ဗုံးရှင်းလင်းရေးအဖွဲ့များက လေယာဉ်ပေါ်တွင် ဖောက်ခွဲရေးပစ္စည်းများ၊ ခဲယမ်းမီးကျောက်များ ရှိ၊ မရှိ စစ်ဆေးရှာဖွေမှုများ လုပ်ဆောင်ခဲ့သည်။

ဆင်ဟွာ

## အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးအခြေအနေ မြင့်တက်လာမှုကို ကုလအကြီးအကဲ ရှုတ်ချ

**ဂျီနီဗာ ဇွန် ၁၃**

အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးအရှိန်မြင့်တက်လာမှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ရှုတ်ချကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက အီရန်အပေါ်အစ္စရေး၏ တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဇွန် ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်နှင့် အီရန်တို့ ဆွေးနွေးမှုပြုလုပ်နေစဉ် အီရန်နိုင်ငံ၌ နျူကလီးယားစက်ရုံများကို အစ္စရေးကတိုက်ခိုက်မှုအား ကုလအကြီးအကဲက စိုးရိမ်လျက်ရှိသည်။ နှစ်ဖက်စလုံးအနေဖြင့် ပိုမိုနက်ရှိုင်းလာမည့်ပဋိပက္ခကို ရှောင်ရှားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းခဲ့သည်။

အီရန်အပေါ် ကြိုတင်တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးရယ်ခက်ဇ် က ဇွန် ၁၃ ရက်တွင် ပြောသည်။ အစ္စရေးတပ်မတော်က ၎င်းတို့၏ ဂျက်လေယာဉ်များဖြင့် ပထမအဆင့်တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ပြီး အထူးသဖြင့် အီရန်နိုင်ငံ နယ်ပယ်အသီးသီးရှိ နျူကလီးယားပစ်မှတ်များ အပါအဝင် စစ်ဘက်ဆိုင်ရာ ပစ်မှတ်ပေါင်းများစွာကို တိုက်ခိုက်ပြီးဆုံးခဲ့ကြောင်း ကြေညာချက်တွင် အတည်ပြုခဲ့သည်။ အီရန်နိုင်ငံမြို့တော် တီဟီရန်ရှိ ဧရိယာများနှင့် နာတန်ဇ်၊ ခွန်ဒက်နှင့်ခိုရာမာဘတ်ခရိုင်များတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း အီရန်နိုင်ငံပိုင် အိုင်အာအိုင်ဘီ ရုပ်မြင်သံကြားတွင် ဖော်ပြခဲ့သည်။

ဆင်ဟွာ



## အီရန်မှ မောင်းသူမဲ့လေယာဉ် အစင်း ၁၀၀ ကျော် အစ္စရေးဘက်သို့ ပစ်လွှတ်ခဲ့ဟု အစ္စရေးတပ်ဖွဲ့ပြောကြား

**ဂျေရုဆလင် ဇွန် ၁၃**

အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက် ဇွန် ၁၃ ရက် နံနက်အစောပိုင်းတွင် အီရန်က အစ္စရေးဘက်သို့ မောင်းသူမဲ့လေယာဉ် အစင်း ၁၀၀ ကျော်ပစ်လွှတ်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အက်ဖီဒီဖရင်န်က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေးလုပ်ဆောင်မှုများအတွင်း အီရန်အကြီးတန်းစစ်ဦးစီးချုပ် သုံးဦးဖြစ်သည့် အီရန်လက်နက်ကိုင်တပ်ဖွဲ့ အကြီးအကဲ မိုဟာမက်ဘာကက်ဂ်ဟီရီ၊ အီရန်အစ္စလာမ့်တော်လှန်ရေး အစောင့်တပ်တပ်မှူး ဟူစိန်ဆလာမီ၊ အီရန်ခါတမ်အယ်လ်အန်ဘီရာ ဗဟိုဌာနချုပ်တပ်မှူး ဂိုလမ်အလီရာရှစ်တို့ကို သုတ်သင်နိုင်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

အစ္စရေးလေတပ်မှ တိုက်လေယာဉ် ၂၀၀ ကျော်က ထောက်လှမ်းရေးသတင်းအရ အီရန်နိုင်ငံတစ်ဝန်းရှိ ပစ်မှတ် ၁၀၀ ကျော်ကို ခဲယမ်း ၃၃၀ ဖြင့် ပစ်ခတ်ခဲ့ကြောင်းနှင့် အဆိုပါပစ်မှတ်များတွင် အီရန်တပ်ဖွဲ့အကြီးတန်း တပ်မှူးများ ပုန်းအောင်းနေသည့် နေရာများ ပါဝင်ကြောင်း ၎င်းက ဆိုသည်။

ဆင်ဟွာ

## မြေထဲပင်လယ်တွင်သောင်တင်နေသည့် ဒုက္ခသည် ၄၀ ကို ကူဝိတ်ရေနံတင်သင်္ဘော ကယ်တင်

**ကူဝိတ်စီးတီး ဇွန် ၁၃**

ကူဝိတ်ရေနံတင်ကုမ္ပဏီက ၎င်းတို့ကုမ္ပဏီပိုင်သင်္ဘောတစ်စင်းသည် မြေထဲပင်လယ်အတွင်း စက်လှေပျက်၍ သောင်တင်နေသည့် ဒုက္ခသည် ၄၀ ကို ကယ်တင်ခဲ့သည်ဟု ဇွန် ၁၂ ရက်တွင် ကြေညာခဲ့သည်။

ရေယာဉ် အယ်-ဒက်စ်မာသည် ဇွန် ၁၁ ရက်က အရေးပေါ်အကူအညီ တောင်းခံမှုကိုတုံ့ပြန်ခဲ့ပြီး စက်လှေပျက်၍ အစာရေစာပြတ်လပ်သွားသော ဒုက္ခသည်များကို ကယ်တင်ခဲ့သည်ဟု ကုမ္ပဏီက ပြောသည်။ ဇွန် ၁၀ ရက်ညနေပိုင်းက အီဂျစ်သို့သွားသည့် ခရီးစဉ်အတွင်း အယ်-အက်စ်မာ သင်္ဘောသည် သောင်တင်နေသည့် စက်လှေကို တွေ့ရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အီဂျစ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းခဲ့ကြောင်း ကုမ္ပဏီက ပြောသည်။

ယင်းနောက် ရေနံတင်သင်္ဘောသည် ဇွန် ၁၂ ရက်တွင် ဒုက္ခသည်များကိုဘေးကင်းစွာ ကမ်းကပ်ပေးနိုင်ရေး အီဂျစ်နိုင်ငံ ပေါ့ဆတ်ဒ်မြို့သို့ ဆက်လက်ခရီးထွက်ခွာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



## ဩစတြေးလျကလေးငယ်များ ငယ်ရွယ်စဉ်ဂိမ်းဆော့ခြင်းနှင့် စမတ်ဖုန်းသုံးစွဲခြင်း ပိုမိုများလာ

**ဆစ်ဒနီ ဇွန် ၁၃**

ဩစတြေးလျ ကလေးငယ်များသည် ယခင်ကထက်ပို၍ အသက်ငယ်သောအရွယ်၌ပင် ဂိမ်းစွဲလမ်းခြင်းနှင့် စမတ်ဖုန်းအသုံးပြုမှုများလာခြင်းတို့ ဖြစ်ပေါ်လာသည်ဟု မက်ကွာရီ တက္ကသိုလ်၏ သုတေသနအသစ် ပြုလုပ်မှုအရ သိရသည်။

ကျောင်းသား ၂၀၀၀ နီးပါးကို စစ်တမ်းကောက်ယူရာတွင် ၁၀ နှစ်အောက်ကလေးငယ်အချို့သည် ဂိမ်းစွဲလမ်းမှုဆိုင်ရာ ရောဂါလက္ခဏာများ ပြသနေကြောင်း ဆစ်ဒနီအခြေစိုက် တက္ကသိုလ်၏ ဇွန် ၁၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

**လေးရာခိုင်နှုန်းမှာ ပုံမှန်မဟုတ်သည့် အင်တာနက်ဂိမ်းစွဲလမ်း**

စစ်တမ်းကောက်ယူထားသော ကလေးငယ်များ၏ လေးရာခိုင်နှုန်းမှာ ပုံမှန်မဟုတ်သည့် အင်တာနက်ဂိမ်းစွဲလမ်းခြင်း ပြဿနာအတွက် လက္ခဏာပြသပြီး မူလတန်းနှင့် အလယ်တန်း ကျောင်းသားများကြား သိသာသောကွာခြားချက် မရှိချေ။

**၁၀ ရာခိုင်နှုန်းမှာ စမတ်ဖုန်း စွဲလမ်းမှု**

ထို့ပြင် ၁၀ ရာခိုင်နှုန်းမှာ စမတ်ဖုန်း စွဲလမ်းမှုဖြစ်နိုင်ခြေ အလယ်အလတ်အဆင့်မှ မြင့်မားသည့် အခြေအနေတွင်ရှိသည်ဟု ဖော်ပြထားသည်။

**စိန်ခေါ်မှုအဖြစ် တွေ့ရှိရ**

ဂိမ်းစွဲလမ်းမှု ပြဿနာသည် ဆယ်ကျော်သက်အရွယ်များအတွက် စိန်ခေါ်မှုအဖြစ် တွေ့ရှိရပြီး အဆိုပါ ကြီးထွားလာသည့်ပြဿနာကို ဖြေရှင်းရန် မိဘနှင့် ကျောင်းအခြေစိုက်လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် စောပိုင်းဗျူဟာများပြုလုပ်သင့်သည်ဟု ဖော်ပြထားသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံ ဘာဒက်ရှန်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် သုံးဦးသေဆုံးပြီး အိုးအိမ်များ ပျက်စီး

**ကဘူးလ် ဇွန် ၁၃**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒက်ရှန်ပြည်နယ်၌ ရေကြီးရေလျှံမှုများကြောင့် လူသုံးဦးအသက်ဆုံးရှုံးခဲ့ရပြီး အိုးအိမ်များ ထိခိုက်ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေကြီးမှုကြောင့် ပြည်နယ်အတွင်းရှိ ဂျရန်၊ ဝါဂျူ့ပ်၊ ရာဂျစ္စတန်နှင့် အာဂန်ဂျခ်ဝါခရိုင်တို့ရှိ နေအိမ်များ၊ လယ်ယာမြေများ၊ ကျေးလက်လမ်းများ၊ မြောင်းများနှင့် တိရစ္ဆာန်များကို ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ ဒါရိုက်တာ မော်လဝီ မိုဟာမက် အာ့ခရမ်အာ့ခ်ဘာရီက ပြောကြားသည်။ ရေကြီးမှုကြောင့် သုံးဦးအသက်ဆုံးရှုံးခဲ့ရပြီး အိမ်ခြေ ၁၀၀ ကျော်နှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက် ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူခြောက်ဦး သေဆုံး




ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်း KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

**နေပြည်တော် ဇွန် ၁၃** ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက် ပစ်ခတ်ခဲ့မှုကြောင့် အသက် ၄ နှစ်နှင့် ၉ နှစ်အရွယ် ကလေးငယ်နှစ်ဦး အပါအဝင် ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ဘော်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၇၀၀ ခန့်အကွာမှ လက်နက်ကြီးဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ၄ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦးသေဆုံးပြီး အသက် ၉ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူသုံးဦး လက်နက်ကြီးစ ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ အဆိုပါထိခိုက်ဒဏ်ရာရရှိသူ သုံးဦးအား ဘားအံမြို့ ပြည်သူ့ဆေးရုံသို့ တာဝန်ရှိသူများက ပို့ဆောင်စဉ် ရရှိသော ဒဏ်ရာများဖြင့် ထပ်မံသေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအား ထောက်ခံအားပေးမှုမရှိသည့် မြို့/ ရွာ/ ရပ်ကွက်များအတွင်းသို့ ယခုကဲ့သို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ မကြာခဏ သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ဆန့်ကျင်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

❑ *ကျောဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲခန့်တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့မှ ကျိုက်ထိုမြို့ဘက်သို့ ထွက်ခွာလာသည့် ယာဉ်မောင်း မျိုးမင်းခန့် မောင်းနှင်ပြီး ခရီးသွားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ စီးနင်းလိုက်ပါလာသော WISH အမျိုးအစား မော်တော်ယာဉ်အား ဘိုက္ကွားကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်း၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ပြည်သူလေးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား တာဝန်ရှိသူများက ကျိုက်ထိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။




ကျိုက်ထိုမြို့နယ် ဘိုက္ကွားကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ ခရီးသွား ပြည်သူများ စီးနင်းလာသည့် မော်တော်ယာဉ်အား မိုင်းဆွဲ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် နေရာပြပုံ။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်ဖျက်မီဒီယာများက တပ်မတော်ယာဉ်တန်းအား မိုင်းဆွဲတိုက်ခိုက်စဉ် အရပ်သားများ လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးအား မိုင်းစထိမှန်ခဲ့ပြီး အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့် သတင်းထုတ်ပြန်မှုများ ရှိနေသည်ကို တွေ့ရှိရသည်။ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူ သွားလာနေသည့် လမ်းများပေါ်တွင် လက်လုပ်မိုင်း မျိုးစုံထောင်ခြင်း၊ အဝေးမှမိုင်းဆွဲ တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ မကြာခဏ ပြုလုပ်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများ မကြာခဏထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်း တစ်လျှောက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**









KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# စပါးဖျက်ကောင် ရွှေခရုအန္တရာယ် အထူးသတိပြု ဂရုစိုက်ကာကွယ်

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မိုးလေးကျလာပြီး အိမ်ရှေ့၌ ခရုလေးငါးကောင် တွေ့ရသည်။ အိမ်ခြံထဲ၌ စိုက်ထားသော အပင်များတွင်လည်း ခရုများကျနေသည်။ အိမ်အတွက် နေ့စဉ်ဟင်းလျာဖန်တီးပေးနေသော အိမ်ခြံဝင်းစိုက်ခင်းတွင် စိုက်ထားသည့် ဟင်းသီးဟင်းရွက်များကို ခရုမကျရအောင် ကာကွယ်ရမည်။ ယခင်နှစ်က ချဉ်ပေါင်စိုက်ရာတွင် သုံးခါစိုက်ပျိုးသော်လည်း ခရုစားသဖြင့် သမင်မွေးရင်းကျားစားရင်းဆိုသလို ချဉ်ပေါင်စိုက်ရင်း ခရုစားရင်းဖြစ်ခဲ့ရာ မည်သည့်ချဉ်ပေါင်မျှ အဖတ်မတင်ခဲ့ပေ။ ခရုများကိုကောက်ယူပစ်မိသည်။ နောက်တစ်နေ့ ပြန်ပေါ်လာသည်။ ဟိုအဝေးကြီးကို ပစ်တော့လည်း နောက်တစ်နေ့ ပြန်ပေါ်လာသည်။ "ဒီခရုတွေ ဘယ်နေရာက လာတာလဲ။" ခရုအကြောင်း လေ့လာကြည့်မိရာ မိမိထက်ပို၍အန္တရာယ်နှင့် ကြုံတွေ့နေရသည့် တောင်သူလယ်သမား ဦးကြီးများ၏ စိုက်ရေးပျိုးရေးလုပ်ငန်းများကို အန္တရာယ်ပေးနေသော ရွှေခရုအကြောင်းကို လေ့လာမိခဲ့သည်။

တောင်သူလယ်သမား ဦးကြီးများ၏ စပါးစိုက်ခင်းများတွင် စပါးစတင်စိုက်ပျိုးချိန်မှစ၍ အပင်ကြီးထွားရင့်မှည့်ချိန်အထိ ကျရောက်တတ်သော အပင်ရောဂါနှင့် ဖျက်ပိုးအမျိုးမျိုးရှိသည့်အနက် ရွှေခရုသည် နှစ်စဉ်နီးပါးကြုံတွေ့နေရသော အန္တရာယ်တစ်ခုဖြစ်သည်။ ယခင်က သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးမွှား၊ ရောဂါ၊ ဖျက်ပိုးဟူ၍ သုံးနှုန်းကြရာ ယခု ရွှေခရုသည် ပိုးမွှားမဟုတ်သည့်အတွက် ဖျက်ကောင်ဟု ခေါ်ရမည်ပင်။ စပါးဖျက်ကောင် ရွှေခရုကြောင့် တောင်သူလယ်သမားဦးကြီးများ၏ စပါးစိုက်ပျိုးထုတ်လုပ်ရေးတွင် ဆုံးရှုံးမှုများဖြစ်ခဲ့ကြသည်။ ထို့ကြောင့် စပါးဖျက်ကောင် ရွှေခရုအန္တရာယ်ကို အထူးဂရုပြုပြီး ကြိုတင်ကာကွယ်ခြင်းနှင့် ကာကွယ်နှိမ်နင်းနည်းလမ်းများကို အသုံးပြု၍ ကာကွယ်ကြရမည်ဖြစ်သည်။

**မြန်မာနိုင်ငံကို ရောက်လာသောရွှေခရု**

ရွှေခရုသည် ပရိတင်း၊ ကယ်လ်ဆီယမ်၊ ဖော့စ်ဖောရပ်နှင့် စွမ်းအင်များ ကြွယ်ဝသောကြောင့် လူတို့အတွက် အစားအစာနှင့် တိရစ္ဆာန်တို့အတွက် အစာအဖြစ် စားသုံးနိုင်သော တိရစ္ဆာန်ဖြစ်သည်။ ထို့ကြောင့် ရွှေခရုကို အစားအစာအဖြစ် အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် မူလဒေသဖြစ်သော တောင်အမေရိကတိုက်တောင်ပိုင်း အာဂျင်တီးနားနိုင်ငံမှတစ်ဆင့် ကမ္ဘာအနှံ့အပြားသို့ ပျံ့နှံ့လာခဲ့သည်။ အထူးသဖြင့် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်တွင် အာရှနိုင်ငံအချို့သို့ နိုင်ငံခြားပို့ကုန်အဖြစ် စီးပွားဖြစ်ထုတ်လုပ်ရန် စတင်ဝင်ရောက်လာပြီး အာရှတိုက်သို့ နေ့စဉ်စားသုံးရန် ပရိတင်းအထောက်အပံ့၊ အလှမွေးကန်တိရစ္ဆာန်နှင့် ကျေးလက်ဆင်းရဲသားများအတွက် ဝင်ငွေအကျိုးအမြတ်ရှိသော လုပ်ငန်းအဖြစ် ကျယ်ပြန့်စွာ ပျံ့နှံ့လာခဲ့သည်။ သို့သော် ရွှေခရုအတွက် ဈေးကွက်သည် နည်းပါးခဲ့သောကြောင့် ခရုမွေးသော စီမံကိန်းများ ဆုံးရှုံးခဲ့သည်။ ထိုဖြစ်ရပ်များမှ ခရုများလွတ်မြောက်သွားခဲ့ပြီး အကျိုးဆက်အနေဖြင့် ခရုသည် သီးနှံများအတွက် အန္တရာယ်ပေးသော ဖျက်ကောင်များဖြစ်လာသည်။

မြန်မာနိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်များဝန်းကျင်တွင် ရှမ်းပြည်နယ်၌ ရွှေခရုကို စတင်သတိထားမိသည်။ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရွှေခရုကို ဟင်းချက်စားကြရာ မြန်မာလူမျိုးများသည်လည်း အစားအစာအဖြစ် စားသုံးရန်ရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာရာမှ ရောက်ရှိလာသည်။ ထိုအချိန်က သီးနှံများအတွက် ထင်ရှားသော ထိခိုက်ပျက်စီးမှုများ မတွေ့ရသေးပါ။ ရွှေခရုသည် သံလွင်မြစ်ရေကြီးခြင်းကြောင့် ၂၀၀၇ ခုနှစ်ကတည်းက ကရင်ပြည်နယ်သို့ ရောက်ရှိခဲ့သည်။ ထိုသံလွင်မြစ်ရေကြီးခြင်းကြောင့်ပင် ၂၀၁၀ ပြည့်နှစ်တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်သို့လည်းကောင်း၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်တို့တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်သို့လည်းကောင်း ပျံ့နှံ့လာခဲ့သည်။ အင်းလေးကန်အတွင်းသို့ ၂၀၁၀ ပြည့်နှစ်ကတည်းက ရွှေခရုများ ရောက်ရှိလာခဲ့ပြီး ရေတွင်ပေါက်ရောက်သော ပေါင်းများကို ရွှေခရုများဖြင့် နှိမ်နင်းရန် ယူဆောင်လာခဲ့ခြင်းကြောင့်ဖြစ်သည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော ဒေးဒရဲမြို့နယ်အတွင်းသို့ ၂၀၁၂ ခုနှစ်ဝန်းကျင်က ရွှေခရုကို အစားအစာအဖြစ် စားသောက်ရန် ယူဆောင်လာခဲ့ရာမှ ရောက်ရှိလာခဲ့သည်။ ထိုမှတစ်ဆင့် ရွှေခရုသည် ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်းနှင့် ဝါးခယ်မမြို့နယ်များသို့ ပျံ့နှံ့လာခဲ့သည်။

**ရွှေခရုအန္တရာယ်ဖြစ်ပွားမှု**

ရွှေခရုကို စတင်သတိထားမိသည့်အချိန်တွင် ကြီးမားသော ထိခိုက်မှုများ၊ ဆုံးရှုံးမှုများ မတွေ့ရပေ။ သို့သော် အချိန်ကြာလာသည့်အခါ ရွှေခရုသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အန္တရာယ်တစ်ခု ဖြစ်လာခဲ့သည်။ ကရင်ပြည်နယ်၌ ရွှေခရုစတင်ဝင်ရောက်ခြင်းကို စပါးခင်းများတွင် ၂၀၁၀ ပြည့်နှစ်က စတင်တွေ့ရှိခဲ့ရပြီး ရွှေခရုစုပြုံကျရောက်သည့် အန္တရာယ်ဖြစ်ပွားမှု အခြေအနေကို ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် တွေ့ရသည်။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် သံလွင်မြစ်ရေကြီးခြင်းသည် ၂၀၁၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အကြီးမားဆုံးသော ရွှေခရုအန္တရာယ်ဖြစ်မှုသည် ၂၀၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အင်းလေးကန်ရှိ စပါးခင်းများကို ရွှေခရုစုပြုံကျရောက်ပြီး အန္တရာယ်ဖြစ်စေခဲ့သည်။ ထိုအချိန်က တောင်သူလယ်သမားများသည် ရွှေခရုကာကွယ်နှိမ်နင်းနည်းများကို မသိရှိခြင်းနှင့် ရွှေခရုသည် မျိုးပွားမှုနှုန်း မြင့်မားခြင်းတို့ကြောင့် အလွန်ဆိုးရွားစွာ အန္တရာယ်ပေးခဲ့သည်။ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ၊ ကျိုက်လတ်နှင့် ဖျာပုံမြို့နယ်များ၌ ရွှေခရုကြောင့် ဆိုးရွားသော ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ရွှေခရုများ စုပြုံကျရောက်ဖျက်ဆီးခြင်းကြောင့် စပါးစိုက်ခင်းတွင် ပျမ်းမျှအားဖြင့် အထွက်နှုန်း ၂၀ မှ ၄၄ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ကြသည်။

**အထူးသတိပြု ရွှေခရု**

ရွှေခရုသည် အလွန်ထူးခြားသည်။ ခြောက်သွေ့သည့် အခြေအနေတွင် မြေကြီးအနက်ထဲ၌ ခိုအောင်းနေထိုင်နိုင်ပြီး ရေလွှမ်းသည့်အချိန်တွင် ပြန်လည်ထွက်ပေါ်လာနိုင်သည်။ ကျွန်တော့် အိမ်ခြံဝင်း ပတ်ဝန်းကျင်၌ ခြောက်သွေ့ရာသီဖြစ်သော ဆောင်းနှင့်နွေတွင် ခရုမတွေ့ရပေ။ ယခု မိုးရွာလာသည့်အခါ ခရုများကို တွေ့ရသည်။ ခရုများသည် ရေအောက်နှင့် လေထဲတွင် အသက်ရှင်နိုင်ရန် ပါးဟက်နှင့် လေရှူသော အင်္ဂါအစိတ်အပိုင်းများပါရှိသည်။ ထို့ကြောင့် ရွှေခရုသည် ကုန်းရော ရေတွင်ပါ နေရာအမျိုးမျိုးတွင် အသက်ရှင်နိုင်သည်။

ခရုအမတစ်ကောင်သည် တစ်ကြိမ်လျှင် ဥပေါင်း ၉၀ မှ ၆၀၀အထိ အတွဲလိုက်ဥချနိုင်သည်။ တစ်လအတွင်း ဥစုစုပေါင်း ၁၀၀၀ မှ ၁၂၀၀ အထိ ဥနိုင်သည်။ အမတစ်ကောင်သည် တစ်နှစ်အတွင်း သုံးကြိမ်အထိ မျိုးပွားနိုင်သည်။ ဥဥခါစတွင် ပန်းနုရောင်ဥများသည် ၂ မီလီမီတာမှ ၂ ဒသမ ၈ မီလီမီတာအရွယ်ရှိပြီး တဖြည်းဖြည်း ပန်းဆီအနီရောင်ကို ပြောင်းလာသည်။ အကောင်ပေါက်ခါနီးလျှင် အဖြူရောင်ကို ပြောင်းလာသည်။ ဥအဆင့် ၇ ရက် ၁၄ ရက်သားတွင် အကောင်ငယ်အဖြစ် ရောက်ရှိပြီး ၅၅ ရက် ၇၉ ရက်ကြာလာလျှင် အကောင်ကြီးဖြစ်လာသည်။ အကောင်ကြီးဖြစ်သည့်အခါ ဝါညိုရောင်ရှိသည်။ ရွှေခရုသည် အကောင်ပေါက်ပြီး နှစ်လသုံးလအတွင်း အရွယ်ရောက်ကြသည်။

ဥမှ အကောင်ပေါက်သည့်အခါ အမငါးကောင်တွင် အထီးတစ်ကောင်နှုန်း ပါဝင်သည့်အတွက် မျိုးဆက်လက်ပြန့်ပွားမှုနှုန်းသည် အလွန်မြန်ဆန်သည်။ ရွှေခရု၏ ဘဝစက်ဝန်းသည် ရက်ပေါင်း ၆၀ ခန့်သာ ကြာမြင့်သည်။ အကောင်ကြီးသက်တမ်းသည် ရက် ၆၀ မှ တစ်နှစ်ခန့်အထိ အသက်ရှင်နိုင်သော်လည်း ပတ်ဝန်းကျင်အပူချိန်နှင့် အစာရေစာတို့အပေါ် မူတည်ပြီး ငါးနှစ်မှ ၁၀ နှစ်အထိ အသက်ရှင်နေထိုင်နိုင်သည်။

ရွှေခရုသည် သီးနှံစုံစားသတ္တဝါတစ်မျိုးဖြစ်သည်။ တိရစ္ဆာန်အစာများ၊ ဆွေးမြည့်နေသော အပုပ်အသိုးများ၊ တိရစ္ဆာန်အသေးအသားများနှင့် အပင်များကို စားသုံးကြသည်။ ရေပေါ်ရှိ စပါးပင်အများစုကို ကိုက်ဖြတ်စားသောက်ဖျက်ဆီးတတ်သည်။ အပင်၏ နူးညံ့သော

*စာမျက်နှာ ၁၇ သို့*

> ✻ **တောင်သူလယ်သမားဦးကြီးများ၏ စပါးစိုက်ခင်းများတွင် စပါးစတင်စိုက်ပျိုးချိန်မှစ၍ အပင်ကြီးထွားရင့်မှည့်ချိန်အထိ ကျရောက်တတ်သော အပင်ရောဂါနှင့် ဖျက်ပိုးအမျိုးမျိုးရှိသည့်အနက် ရွှေခရုသည် နှစ်စဉ်နီးပါးကြုံတွေ့နေရသော အန္တရာယ်တစ်ခုဖြစ်**
>
> ✻ **၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ၊ ကျိုက်လတ်နှင့် ဖျာပုံမြို့နယ်များ၌ ရွှေခရုကြောင့် ဆိုးရွားသောထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ရွှေခရုများ စုပြုံကျရောက်ဖျက်ဆီးခြင်းကြောင့် စပါးစိုက်ခင်းတွင် ပျမ်းမျှအားဖြင့် အထွက်နှုန်း ၂၀ မှ ၄၄ရာခိုင်နှုန်းဆုံးရှုံးခဲ့**
>
> ✻ **ခရုများသည် ရေအောက်နှင့် လေထဲတွင် အသက်ရှင်နိုင်ရန် ပါးဟက်နှင့် လေရှူသော အင်္ဂါအစိတ်အပိုင်းများပါရှိသည်။ ထို့ကြောင့် ရွှေခရုသည် ကုန်းရော ရေတွင်ပါ နေရာအမျိုးမျိုးတွင် အသက်ရှင်နိုင်**



စပါးပင်အခြေရှိ ရွှေခရုများ (Knowledge bank, IRRI)



စပါးရွက်ပေါ်က ရွှေခရု ဥအစုအပြုံများ (Knowledge bank, IRRI)

# သူနာပြုသင်တန်းကျောင်း (မော်လမြိုင်) အပတ်စဉ် ၅၀ ၏ အမျိုးသားကုတ်အင်္ကျီနှင့် ဦးဆောင်းအပ်နှင်းပွဲ ကျင်းပ

**မော်လမြိုင် ဇွန် ၁၃**

မွန်ပြည်နယ် သူနာပြုသင်တန်းကျောင်း (မော်လမြိုင်) အပတ်စဉ် ၅၀ ၏ အမျိုးသားကုတ်အင်္ကျီနှင့် ဦးဆောင်းအပ်နှင်းပွဲအခမ်းအနားကို ဇွန် ၁၂ ရက်က မော်လမြိုင်မြို့ မော်လမြိုင်သူနာပြု သင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သူနာပြုဆရာမကြီးငယ်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့အချိန်အခါသည် နိုင်ငံတော်၏ အမျိုးသားရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလိုဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သင်ကြားရေးဆရာ ဆရာမများကလည်း မိမိတို့၏သင်ကြားရေး အရည်အသွေးများ အစဉ်တိုးတက် မြင့်မားအောင်ကြံဆောင် ကြိုးပမ်းရင်း မိမိတို့၏ တပည့်များကို အသိပညာ အခြေခံပြီး လူနာနှင့် မိသားစုများအပေါ် မှန်ကန်သည့် ခံယူချက်ဖြင့် ကျွမ်းကျင်စွာ ပြုစုမှုပေးနိုင်သည့် သူနာပြုသားဖွားကောင်းများ ဖြစ်ထွန်းလာစေရေးကို ရည်ရွယ်ပြီး သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ "စည်းကမ်းအစ စာသင်ကျောင်းက" ဆိုရိုးစကားအတိုင်း သင်တန်းသား သင်တန်းသူများကလည်း စည်းကမ်းနှင့်အညီ နေထိုင်၍ သင်တန်းကျောင်းက ပေါင်းစပ်ညှိနှိုင်း သင်ကြားပေးသည့် ပညာရပ်များကို ကြိုးစားသင်ယူပြီး နိုင်ငံနှင့် လူမျိုးကို အကျိုးပြုနိုင်သည့် သူနာပြုသားဖွားကောင်းများ ဖြစ်လာအောင် ရည်မှန်းချက်ထားပြီး ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယနေ့ကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းခံရသည့် သင်တန်းသား သင်တန်းသူအားလုံး နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်အောင်စွမ်းဆောင်နိုင်မည့် ဘက်စုံထူးချွန်သော သူနာပြုကောင်းများဖြစ်လာပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြစေကြောင်း ပြောကြားသည်။

ထို့နောက် အပတ်စဉ် ၅၀ သူနာပြု ဒီပလိုမာ သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက အမျိုးသားကုတ်အင်္ကျီနှင့် သူနာပြုဦးဆောင်း ချီးမြှင့်အပ်နှင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆုများ ရရှိကြသော သင်တန်းသား သင်တန်းသူများအား ဆုများ ချီးမြှင့်သည်။

**ခရိုင် (ပြန်/ဆက်)**



# သဃ်ၤန်းကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းချိတ်ဆွဲ

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး သဃ်ၤန်းကျွန်းမြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပေးကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်းလျက် သဃ်ၤန်းကျွန်းမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အပိုင်းကို ပိုနှစ်သက်ကြသည်။ စပါးစိုက်ခင်းအတွင်း အပင်များ ပျောက်နေခြင်းနှင့် ပျိုးပင်ငယ်အစိတ်အပိုင်းများ ရေပေါ်တွင် ပေါ်နေခြင်းတို့သည် ရွှေခရုများ ကိုက်ဖြတ်စားသောက်ထားသော လက္ခဏာများဖြစ်သည်။

စပါးရွှေ့ပြောင်းစိုက်ပြီး ၁၅ ရက်သားနှင့် တိုက်ရိုက်အစေ့ချစိုက်ခင်းများတွင် ၄ ရက်မှ ရက် ၃၀ အရွယ် ပျိုးပင်များသည် ခံနိုင်ရည်အားနည်းသည့်အတွက် ရွှေခရုများ ပိုမိုကျရောက်တတ်သည်။ စပါး၊ ပေါင်း၊ ပိန်း၊ ဆပ်၊ ဇေဒါ၊ ကျူပင်၊ မြက်၊ ရေသင်ချကြီး၊ ပဲလွမ်း၊ ပြောင်း၊ စပါးရိုင်းတို့တွင်လည်း ကျရောက်ဖျက်ဆီးတတ်သည်။ ရွှေခရုသည် စပါးပျိုးခင်းနှင့် စိုက်ခင်းများတွင် ပင်ခြေမှစတင်ပြီး ကိုက်ဖြတ်စားသောက်လေ့ ရှိသည့်အတွက် အပင်များ ပြန်လည်ရှင်သန်နိုင်ရန် အလွန်ခဲယဉ်းသည်။ ထို့ကြောင့် ရွှေခရုများကို ကြိုတင်ကာကွယ်နှိမ်နင်းခြင်းသည် အလွန်အရေးကြီးသည်။

**ရွှေခရု ကာကွယ်နှိမ်နင်းနည်းများ**

**(က) ဥအဆင့် ကာကွယ်နှိမ်နင်းနည်း**

ရွှေခရုများကို ကာကွယ်နှိမ်နင်းရန် ကင်းထောက်စစ်ဆေးခြင်းကို မဖြစ်မနေ လုပ်ဆောင်ရမည်။ ရေရှိသောစိုက်ခင်းများနှင့် ပတ်ဝန်းကျင်ရှိ ကျောက်တုံးနှင့် မြက်ပင်များပေါ်တွင် ပန်းရောင်ဥမြုံများ ရှိ မရှိ ကင်းထောက်စစ်ဆေးရမည်။ ဥမြုံများ စတွေ့လျှင်တွေ့ချင်း ဖျက်ဆီးခြင်းသည် ရွှေခရုနှိမ်နင်းရာတွင် အလွန်အရေးပါသော လုပ်ငန်းဖြစ်သည့်အတွက် ကင်းထောက်စစ်ဆေးခြင်းသည် ကာကွယ်နှိမ်နင်းခြင်း၏အစ ဖြစ်သည်။ ထို့ပြင် ဥမြုံအဆင့်မှစတင်ပြီး ကာကွယ်နှိမ်နင်းခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည့်အပြင် ရွှေခရုကာကွယ်နှိမ်နင်းခြင်းကို ၈၀ ရာခိုင်နှုန်းအထိ ပြီးမြောက်စေနိုင်သည်။



စပါးရွက်ပေါ်က ပန်းရောင်တောက်တောက် (သို့) စတော်ဘယ်ရီရောင် ခရုဥများ (Judgefloro, Wikimedia Commons)

ရွှေခရုများသည် ခြောက်သွေ့ရာသီများတွင် မြေကြီးထဲ၌ ခိုအောင်းပြီး ငြိမ်သက်စွာ နေထိုင်ကြသည်။ စပါးခင်းများအတွင်း ရေရှိသည့်အခါ ပြန်လည်သက်ဝင်လှုပ်ရှားလာပြီး သီးနှံပင်များကို ကိုက်ဖြတ်စားသောက်ဖျက်ဆီးကြသည်။ ထို့ကြောင့် စပါးမစိုက်မီနှင့် စပါးပင်ငယ်စဉ်ကာလ တစ်လျှောက်လုံးတွင် ရွှေခရုအန္တရာယ်ကို သတိပြုပြီး ကင်းထောက်စစ်ဆေးခြင်းကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်။ ပေါင်းမြက်များကိုလည်း ကြိုတင်ရှင်းလင်းထားရမည်။

**(ခ) စိုက်ပျိုးနည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းနည်း**

စိုက်ပျိုးနည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းရာတွင် စပါးကို ကုန်းမြင့်ပိုင်း၌ ပျိုးပေါင်နှင့် ပျိုးထောင်စိုက်ပျိုးရမည်။ ရွှေခရုဖျက်ဆီးမှုကို ခံနိုင်ရည်ရှိရန် ပျိုးသက် ၃၅ ရက်၊ ရက် ၄၀ သားရှိမှ ရွှေ့ပြောင်းစိုက်ရပါမည်။ ရွှေခရုများအားလုံးကို လွယ်ကူစွာ ကောက်ယူဖျက်ဆီးနိုင်ရန် ရေဝပ်ကျင်း၊ ရေအိုင်ငယ်လေးများ၊ စိမ့်မြောင်း၊ ပတ်မြောင်းများ ပြုလုပ်ထားရမည်။ စပါးရွှေ့ပြောင်းစိုက်ပြီး ၁၀ ရက်အတွင်း ရေထုတ်ပေးရမည်။ စပါးမစိုက်မီ တစ်ဧကတွင် ထုံးပိဿာ ၁၅၀ နှုန်း ကြဲပက်ပေးရမည်။

**(ဂ) လက်လုပ်နည်းဖြင့် ကာကွယ်နှိမ်နင်းနည်း**

လက်လုပ်နည်းဖြင့် ကာကွယ်နှိမ်နင်းရာတွင် လူအင်အားနှင့် ရွှေခရုဥအတွဲများ၊ ဥအစုအပြုံများကို ကောက်ယူဖျက်ဆီးရမည်။ ရွှေခရုများ ဥ ဥချရန် ဝါးတိုင်ငယ်လေးများကို စိုက်ခင်းအတွင်း စိုက်ပေးပြီး ဥဥသည့်အခါ ဥများကို ဖျက်ဆီးရမည်။ ရေသွင်း၊ ရေထုတ်မြောင်းများ၌ ဆန်ခါစိပ်စိပ်တပ်ဆင်ပြီး ရွှေခရုများကပ်နေသည့်အခါ ကောက်ယူဖျက်ဆီးရမည်။ ပလတ်စတစ် ဆန်ခါခုံး၊ ဝါးဆန်ခါခုံးထဲကို ခရုကြိုက်နှစ်သက်သော သင်္ဘောရွက်၊ ပိန္နဲခွံ၊ နာနတ်ခွံ၊ ဒူးရင်းခွံများထည့်ကာ လယ်ကွင်းထဲ၌ နေရာအနှံ့ချထားပေးပြီး နောက်တစ်နေ့နံနက်တွင် ယင်းဆန်ခါခုံးများထဲတွင် ပါလာသော ခရုများကို ဖျက်ဆီးပစ်ရမည်။

**(ဃ) ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းနည်း**

ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရာတွင် စပါးစိုက်ခင်းအတွင်း ဘဲများ လွှတ်ကျောင်းပေးရမည်။ ရွှေခရုဥများနှင့် အကောင်ငယ်လေးများကို စားရန် လယ်ထဲတွင် တီလားဗီးယားငါးများကို ထည့်သွင်းမွေးမြူရမည်။ ခရုစုပ်ငှက်များကို သတ်ဖြတ်ခြင်းမပြုဘဲ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရမည်။ ရွှေခရုများကို ဘဲစာ၊ ဝက်စာ၊ ငါးစာ အဖြစ်လည်း ကောက်ယူအသုံးပြုနိုင်သည်။

**(င) ဓာတုနည်းဖြင့် ကာကွယ်နှိမ်နင်းနည်း**

ဓာတုနည်းဖြင့်ကာကွယ်နှိမ်နင်းရာတွင် ခရုသတ်ဆေးများကို အသုံးပြုရမည်။ ခရုသတ်ဆေးများမှာ မက်တယ်ဒီဟိုက်၊ နီကလိုဆမိုက်၊ ကာဘာရိုင်း၊ ကာတက်ဟိုက်ဒရိုကလိုရိုက်၊ စနေးဆိုက် စသည်တို့ကို သတ်မှတ်နှုန်းထားအတိုင်း အသုံးပြုရမည်။

**(စ) လူထုအခြေပြု စီမံခန့်ခွဲမှုဖြင့် ကာကွယ်နှိမ်နင်းနည်း**

လူထုအခြေပြု စီမံခန့်ခွဲမှုဖြင့် ကာကွယ်နှိမ်နင်းရာတွင် ဒေသတစ်ခုအတွင်း ရွှေခရုအရေအတွက်ကို လျှော့ချနိုင်ရန် ဒေသအတွင်းရှိသည့် လူအများ ဝိုင်းဝန်းလုပ်ဆောင်ကြရမည်။ လူထုလှုပ်ရှားမှုအသွင်ဖြင့် မြေပြုပြင်ချိန်၊ စိုက်ပျိုးချိန်နှင့် သီးနှံစတင်ဖြစ်ထွန်းချိန်များတွင် တောင်သူလယ်သမားများ အားလုံးပါဝင်သော ရွှေခရုကင်းထောက်စစ်ဆေးခြင်း၊ ရွှေခရုကောက်ခြင်းနှင့် ရွှေခရုဥစုဆောင်းခြင်းတို့ကို လုပ်ဆောင်ကြရမည်။ ရွှေခရုကာကွယ်နှိမ်နင်းသည့် လှုပ်ရှားမှုများကို နံနက်ခင်းနှင့် ညနေပိုင်းတို့တွင် ပြုလုပ်သင့်သည်။ စပါးပင်သည် ရွှေခရုကိုခံနိုင်ရည်မရှိသော အပင်သက်တမ်း ရက် ၃၀ အတွင်းတွင် ဖြစ်နိုင်သမျှ တောင်သူလယ်သမားများအားလုံး၏ စိုက်ခင်းများအားလုံးကို ရေထုတ်ထားရမည်။

ရွှေခရု ကာကွယ်နှိမ်နင်းရာတွင် တစ်ဦးတည်း ဆောင်ရွက်ခြင်းသည် ထိရောက်မှုမရှိနိုင်ပါ။ မိမိ၏လယ်ကွက်ထဲတွင် ရွှေခရုကို မည်မျှကာကွယ်နေပါစေ အနီးနားလယ်များမှ ရွှေခရုများသည် မိမိလယ်ထဲသို့ ပြန်လည်ကူးလာနိုင်သည်။ ထို့ကြောင့် ရွှေခရု ကာကွယ်နှိမ်နင်းရေးသည် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် လူထုအခြေပြု ရွှေခရုစီမံခန့်ခွဲမှုနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မှသာ ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်။ တောင်သူလယ်သမားဦးကြီးများ အနေဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ရွှေခရုကြောင့် သီးနှံများဆုံးရှုံးပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ရွှေခရုအန္တရာယ်ကို ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများဖြင့် ကာကွယ်ရန် လိုအပ်သကဲ့သို့ တောင်သူလယ်သမားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူထုလှုပ်ရှားမှုအသွင်များဖြင့် ဝိုင်းဝန်းပူးပေါင်း ကာကွယ်နှိမ်နင်းကြရန်လည်း လိုအပ်ကြောင်း စေတနာအပေါင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ စစ်ဆေး

**ရန်ကုန် ဇွန် ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြောက်ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ယမန်နေ့က မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ တိုက်ကြီးမြို့၊ အဖျောက်မြို့များသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ မှော်ဘီမြို့နယ်အတွင်းရှိ ၃၃ ကေဗွီ တပ်ကြီးကုန်းဓာတ်အားခွဲရုံနှင့် အုတ်စက်ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများ၊ ခွဲရုံအတွင်း အပြင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုများ၊ ခွဲရုံကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားမှုနှင့် မြောင်းတကာစက်မှုဇုန် (၃)ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ်အတွင်းရှိ ဂျိုးဖြူဓာတ်အားခွဲရုံ၊ အိုင်ကလောင်ဓာတ်အားခွဲရုံ၊ အဖျောက်ဓာတ်အားခွဲရုံတို့မှ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများ၊ ခွဲရုံကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးဆောင်ရွက်ထားမှု အခြေအနေများနှင့် အဖျောက်မြို့ လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး မြို့ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ၊ ငွေလက်ခံကောင်တာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ချစ်ဆောင်**

## သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲပြုလုပ်

**သထုံ ဇွန် ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ဦးဖြူ အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးဟောပြောခြင်း၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များ ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

နယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်ရာတွင် အမက(ဦးဖြူ) ကျောင်းအုပ် ဆရာမကြီး ဒေါ်သီရိဇော်က အမှာစကား ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကြကာ စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။ **ခရိုင်(ပြန်/ဆက်)**



## တာချီလိတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာ၌ တစ်အိမ်သုံးဆိုလာများ တပ်ဆင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဇွန် ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(NEP)၊ တစ်အိမ်သုံးဆိုလာများဖြင့် ကျေးလက်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိနေမှုနှင့် ကျေးရွာများသို့ ဖြန့်ဝေနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ကျေးလက်မီးလင်းရေးအတွက် ကျေးရွာ ၂၁ ရွာ၌ တပ်ဆင်မည့် တစ်အိမ်သုံးဆိုလာစနစ် ၆၀ ဝပ်၊ ၁၀၀ ဝပ်နှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိမှုများကို ဖွင့်ဖောက်စစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆိုလာပြားများ၊ System ပုံးများ၊ ဆိုလာတိုင်များကို စနစ်တကျ လုံခြုံစွာထားရှိရေးနှင့် ကျေးရွာများသို့ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေတပ်ဆင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး တင်ပြချက်များအပေါ် မြို့နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းအတွက် မြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာ၌ တစ်အိမ်သုံးဆိုလာစနစ် ၆၀ ဝပ် ၃၄၆ လုံး၊ ၁၀၀ ဝပ်ဆိုလာ ၃၆၁ လုံးနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ပြီးစီးပါက ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင်လည်း များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## ကျောက်တန်းမြို့နယ်၌ ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်တန်း ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အလယ်ပိုင်းရပ်ကွက်၊ အရှေ့ပိုင်းရပ်ကွက်၊ စံချိန်မှီရပ်ကွက်၊ သီတာမြိုင်ရပ်ကွက်၊ ရွှေပြည်သာယာရပ်ကွက်ရှိ ပြည်သူများအား စံချိန်မှီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ စုရပ်ထား၍ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါဆောင်ရွက်ပေးခဲ့မှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်တို့က ကြည့်ရှုပြီးလိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန့်ဇင်ထွန်း(ကျောက်တန်း)**





## ပျော်ဘွယ်မြို့နယ် လင်းစဉ်ကုန်း (အမက)ရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများလှူဒါန်း

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် တိုက်အုပ်နာယက၊ စာချကထိက ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်) ဆရာတော်သည် ပျော်ဘွယ်မြို့နယ် ဥစ္စာန္တယ်အုပ်စု လင်းစဉ်ကုန်း (အမက)ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ (အဖြူအစိမ်း)များနှင့် စာရေးကိရိယာ၊ အဖျော်ရည်၊ အလှူငွေ စသည်တို့ကို ဇွန် ၁၃ ရက်က လင်းစဉ်ကုန်းကျေးရွာ လင်းစဉ်ကုန်း (အမက)ကျောင်း၌ လှူဒါန်းချီးမြှင့်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓနုဖြူမြို့နယ်၌ မိုးစပါးကြဲခင်းစနစ် ပပျောက်ရေး Drum Seeder ဖြင့် စိုက်ပျိုးပွဲ ကျင်းပ

**ဓနုဖြူ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးကြဲခင်းစနစ် ပပျောက်ရေး Drum Seeder ဖြင့် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရေလဲကျေးရွာအုပ်စု တင်းကုပ်စုကျေးရွာ၌ ကျင်းပသည်။

အဆိုပါ မိုးစပါးကြဲခင်းစနစ် ပပျောက်ရေး Drum Seeder ဖြင့် စိုက်ပျိုးပွဲကို ရေလဲကျေးရွာရှိ တောင်သူ ဦးအေးနိုင်၏ ကွင်းအမှတ်(၁၇၅) ဦးပိုင် (၄၀/၂)တွင် အောင်နိုင်တိုး စပါးမျိုးစိုက်ပျိုးပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ဝေအောင်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး တောင်သူ ဦးအေးနိုင်၏ လယ်ယာမြေအတွင်း မိုးစပါးကြဲခင်းစနစ်ပပျောက်ရေး Drum Seeder ဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



### မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ်-ရွာငံလမ်း ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၁၆၂၃၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shacman Tractor Head တစ်စီး၊ Man Tractor Head တစ်စီး၊ Howo Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၉၁၆၂၃၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၅၂၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၅၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၇၀၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၁၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၉၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် ပေါ်ဆန်းမွေး (၁) လမ်း တိုက်အမှတ်(၄) အခန်း (၁)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၇ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၇၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၉၆၀၃၄၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက တရားမဝင် ကုန်သွယ်မှုများကို ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **သတင်းစဉ်**

## ဟုမ္မလင်းမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲကျင်းပ

**ဟုမ္မလင်း ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ် (၉) မူးယစ်တပ်ဖွဲ့စု ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းအုပ်စု နားနူးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် နားနူးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူဝင်းက အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆောက်က လူငယ်နှင့်စာဖတ်ခြင်း အလေ့အထခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမှတ်(၉) မူးယစ်တပ်ဖွဲ့စု ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူး မြင့်အောင် က "မူးယစ်အန္တရာယ် တို့ကာကွယ်" ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက နားနူးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့ပြီး အမှတ် (၉) မူးယစ်တပ်ဖွဲ့စု ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးက မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်များကို ဟောပြောပွဲ တက်ရောက်လာသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး မြိတ်ပြည်သူ့ဆေးရုံကြီး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ် (၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဇွန် ၁၂ ရက်က မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်း ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

## ရပ်စောက်မြို့ မိခင်နှင့်ကလေးအသင်းပိုင်မူလတန်းကြိုကျောင်း၌ ကိုယ်ခန္ဓာကျန်းမာရေး၊ သွားကျန်းမာရေး အခမဲ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲပြုလုပ်

**ရပ်စောက် ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူလတန်းကြိုကျောင်း၌ ကိုယ်ခန္ဓာကျန်းမာရေး၊ သွားကျန်းမာရေး အခမဲ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကျန်းမာရေးမှူးနှင့် ဆရာဝန်များက ကိုယ်ခန္ဓာကျန်းမာရေးနှင့် သွားကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးမှူးက မူလတန်းကြိုကျောင်းသို့ သွားတိုက်ဆေးနှင့် သွားတိုက်တံများလှူဒါန်းကာ ကလေးများ သွားကျန်းမာရေး အခမဲ့စစ်ဆေးပေးခဲ့ပြီး စစ်ဆေးနေမှုများအား မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မက်မန်းမြို့ အ.ထ.က ၃ ၌ ကျောင်းကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**မက်မန်း ဇွန် ၁၃**

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ မက်မန်းမြို့နယ်ပြည်သူ့ဆေးရုံမှ မြို့နယ်ဦးစီးမှူး ဒေါက်တာတိုးသူရအောင်က ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးမှူး ဦးမင်းမင်းစိုး၊ အမျိုးသမီးရေးရာ



ကျန်းမာရေး ဆရာမဒေါ်သီတာချမ်းအေး၊ ကြီးကြပ်-၂ ဒေါ်ရွှေနွယ်ထွန်းနှင့် ကြီးကြပ်-၂ ဦးရှီးမွန်တို့က မိုးရာသီကာလအတွင်း အဖြစ်များသော ရာသီတုပ်ကွေးများအကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောပြီး သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။ **အေဇက်ထွန်း(မက်မန်း)**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ဆန်းချီ၊ ပုံကျွန်းရပ်၊ ဦးဘအိုလမ်းနေ အထက(၆) ထားဝယ် Grade–5 မှ မောင်လင်းလတ်နိုင် ၆/ထဝန(နိုင်) ၀၇၇၆၅၅ နှင့် Grade–6 မှ မဂျူးသီရိဇင် ၆/ထဝန(နိုင်)၁၇၄၃၄၅တို့၏ဖခင် ဦးထွန်းကြည်၏ အမည်မှန်မှာ ဦးထွန်းကြွယ် ၆/မအရ(နိုင်) ၁၁၀၃၂၃ ဖြစ်ပါကြောင်း။

**ဦးထွန်းကြွယ်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ မြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ GRADE–7 မှ မချမ်းမြေ့ရတီ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမျိုးဇော်အောင် ၆/မအရ(နိုင်) ၁၁၃၁၀၆ ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်အောင်**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသာဆန်း ၆/မမန(နိုင်)၁၂၅၀၆၅၏ ပွဲနင်းမှူးလက်မှတ် အမှတ် ၁၆၆၆/၁၅မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၇၄၂၃၉၁၈**

## UPAY MYANMAR LIMITED

**(In Members' Voluntary Winding Up)**

**Notice under section 211 (a) of the Myanmar Insolvency Law**

**Final General Meeting relating to the voluntary winding up**

In pursuant of the section 211 (a) of the Myanmar Insolvency Law, all members of the Company are invited to attend the Final General Meeting of the **" UPAY MYANMAR LIMITED"** (Under Liquidation) which will be held as per schedule mentioned below for the purpose of laying before it the account and giving any explanation there of.

Meeting Date and Time : : 13th, July, 2025, (11:00)AM

Venue : : Online Meeting

**U YE NOOS (Supreme Court Advocate)**

**Liquidator**

**Ph: (01) 8397234/8397235**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ရပ်ကွက်၊ အကွက်အမှတ် မ–၇၊ ဦးပိုင်အမှတ် ၁၇ခဲစင်း၊ ၆၂လမ်း၊ ၁၀၁X၁၀၂လမ်း ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်သိန်း ၁/မညန(နိုင်)၀၁၈၁၂၂က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ဝန်ကြီးဌာနများနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဘဏ္ဍာသိမ်း သံရည်ကျိုအပ်နှံမည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်/ယန္တရားစုစုပေါင်း(၁၀၁၅)စီးအား ဖြတ်တောက်၊ သယ်ယူ၊ ပို့ဆောင်အပ်နှံပေးနိုင်မည့် ကုမ္ပဏီ/အဖွဲ့များအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသည်–

(က) **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** – ၁၆–၆–၂၀၂၅ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** – ၃၀–၆–၂၀၂၅ရက်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်–

အုပ်ချုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း–၀၆၇–၃၄၀၅၄၅၁

## အများသိစေရန် ကြေညာခြင်း

ဦးလင်းထင် (ဘ)ဦးမင်းဒင် ၁၂/ဒဂမ(နိုင်)၀၀၈၇၈၀)နှင့်ဒေါ်ဝင်းနုထွေး (ဘ) ဦးစိန်ဝင်း (၁၂/ဒဂရ(နိုင်)၀၀၈၉၄၆)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလင်းထင်နှင့် ဒေါ်ဝင်းနုထွေးတို့သည် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ၃၁–၅–၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ကိုမိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ အသိသက်သေများဖြင့်ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

ထို့ကြောင့် ဦးလင်းထင်နှင့် ဒေါ်ဝင်းနုထွေးတို့သည် နောက်နောက်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်းနှင့် အချင်းချင်းနှောင့်ယှက်မှုမပြုလုပ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းထွဋ် (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ –၂၄၅၂၈/၂၀၀၅**
**(ရုံး) ရှေ့နေများနားနေခန်း စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း–၀၉–၇၈၄၄၁၁၁၇၅**

## လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၃)တွင် နေထိုင်သော ဦးရဲမင်းကို (၁၂/လသန(နိုင်)၀၂၃၁၁၁)သည် အောက်တွင်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံ တင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်–

STUDIO/LUCENT

**မှတ်ပုံတင်အမှတ်(၄/၄၅၄၂/၂၀၂၅)**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားဖြင့် Photo & Video Studio လုပ်ငန်းတွင် ရိုက်နှိပ်ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲမည်ဆိုပါက ကြေညာသူ၏ အကျိုးစီးပွားထိခိုက်ဆုံးရှုံးနစ်နာမှုအဝဝအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၀၆၀၅/၂၀၁၅)** | **(စဉ်–၄၉၅၀၂/၂၀၁၈)** |

**တိုက် (၄)၊ အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉ – ၇၉၅၅၃၄၇၅၃၊ ၀၉ – ၇၅၀၃၉၈၄၀၆**

## လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၃)တွင် နေထိုင်သော ဦးရဲမင်းကို ၁၂/လသန(နိုင်)၀၂၃၁၁၁သည် အောက်တွင်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်–

INFINITE

**မှတ်ပုံတင်အမှတ်(၄/၄၅၄၁/၂၀၂၅)**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားဖြင့် Wedding Photography & Video Graphy Service လုပ်ငန်းတွင် ရိုက်နှိပ်ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်း အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ် မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲမည်ဆိုပါက ကြေညာသူ၏ အကျိုးစီးပွားထိခိုက် ဆုံးရှုံးနစ်နာမှုအဝဝအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၀၆၀၅/၂၀၁၅)** | **(စဉ်–၄၉၅၀၂/၂၀၁၈)** |

**တိုက်(၄)၊အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁/ရွှေပေါက်ကံ၊ မြကန်သာလမ်း၊ မြေကွက်အမှတ် –၂၃၉/က၊ အလျား ၂၀ပေXအနံ ၆၀ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့်အိမ်အား ပါမစ်အမည်ပေါက် ဦးပန်းရှိန် (ဘ)ဦးထွန်းရှင် (၁၂/လကန(နိုင်)၁၁၅၂၀၆) ISN–၃၈၀၀၇၀မှ အဆိုပါအိမ်ခြံမြေကွက်အား ပိုင်ဆိုင်၍ အကျိုးခံစားခွင့်ရှိသူ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံအဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းသဖြင့် အမည်ပေါက်ပိုင်ဆိုင်သူ ဦးပန်းရှိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လူကိုယ်တိုင်ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန္တာမြင့်ဝင်း (LL.B, DBL, DML, DIL) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၃၈)**
**ဖုန်း–၀၉–၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်သန်းမြင့်(ကိုယ်ပိုင်အမှတ်–၇၃၀၉၂၀) ၉/လဝန(နိုင်)၁၁၇၇၂၂(ဘ)ဦးအောင်သိန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၄၃၅၈၊ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်သီသီ ၉/ပမန(နိုင်)၁၆၂၉၈၇(ဘ)ဦးချစ်လှိုင်မှတရားဝင်အမွေခံ ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေး သွင်းချလန်မိတ္တူ၊ တပ်ကြပ်သန်းမြင့် သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်လှထွန်း (ကိုယ်ပိုင်အမှတ်–၅၅၅၉၇၆)၉/မမန(နိုင်)၀၃၅၉၇၂၊ (ဘ)ဦးကက် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၁၁၅ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန္ဒာလွင် ၉/မမန(နိုင်)၀၃၅၉၇၃(ဘ)ဦးမောင်မောင်လွင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်လှထွန်းက သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/10790 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်တာ ၇/အတန(နိုင်)၀၈၇၆၇၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/47595, Honda Wave–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထက် ၁၄/ရကန(နိုင်)၁၆၄၀၅၈က ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/13967,Yamaha Ray Z–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်ဂျေး ၅/တမန(နိုင်)၀၃၅၅၁၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တမူး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၈–ဘီ)၊ ဧရိယာ(၀.၀၉၉)ဧကရှိ ဦးမင်းလတ် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၉၂၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းအောင်ထွန်း ၉/ပမန(နိုင်)၁၅၉၅၄၈ မှ မြေငှား စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ခင်ဆွေသင်း ၈/မသန(နိုင်)၁၀၄၅၉၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း (၅)လမ်း၊ အမှတ်(၁၆၅) (စတုတ္ထထပ်)၊ (၅–လွှာ)ခြေရင်းတိုက်ခန်းအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိမ်းမို့မို့ဦး ၇/ညလပ(နိုင်)၁၄၁၆၂၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးကောင်းခန့်ကျော် ၇/ပမန(နိုင်)၂၃၅၃၅၆၊ ဦးစွမ်းထက်ကျော်၇/ပမန(နိုင်)၂၄၅၅၇၉တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၃၀၂၆၁၉၉၊ ၀၉–၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ဝေဿန္တရာလမ်း၊ မြေကွက်အမှတ်(၁၁၃၅) မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈)ထပ်တိုက်၏ တိုက်အမှတ်–(၁၁၃၅)၊ ပဉ္စမထပ်(၆လွှာ)(ခေါင်းရင်း ခန်း)၊အကျယ်အဝန်း( ၁၇ ပေ X၅၄ပေ) တိုက်မျက်နှာမူလျှင်ညာခြမ်း တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဇော်မျိုး(၁၂/ရကန(နိုင်)၀၁၄၁၁၀ (သီရိဇော်ဆောက်လုပ်ရေး)မှ (၂–၇–၂၀၂၃)ရက်စွဲပါ "ကန်ထရိုက်တာစနစ်ဖြင့်(၂)ခန်းတွဲ (၈)ထပ်တိုက် ဆောက်လုပ်ရန်သဘောတူကတိစာချုပ်"အရ ကန်ထရိုက်တာ အကျိုးခံစားရရှိခဲ့သည့် တိုက်ခန်းဖြစ်ပြီး ရောင်းချခွင့်ရှိကြောင်းအဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကျော်မင်းထွန်း (၉/ခအဇ(နိုင်)၀၀၄၆၄၂)မှ အပြီးအပိုင်ဝယ် ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး (၇)ရက်အတွင်းပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးကျော်မင်းထွန်း** | **ဒေါ်အေးသူဇာအောင်** |
| **(၉/ခအဇ(နိုင်)၀၀၄၆၄၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ် ၁၇၉၄၃)** |
| | **အမှတ်–၇၇၊ ဦးပုညလမ်းနှင့်** |
| | **ဗိုလ်ကြာညွှန့်လမ်းထောင့်၊(၉)ရပ်ကွက်၊** |
| | **ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း–၀၉–၄၂၄၅၉၆၈၃၀** |

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/4381 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃–၆–၂၀၂၅ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)ပါ ကန့်ကွက်နိုင်ပါကြောင်း တရားလွှတ်တော်ရှေ့နေ ဦးဇင်လင်းအောင်၏ အများသိစေရန် ကြေညာခြင်းတွင် ရောင်းချသူ ဒေါ်စန်းစန်းအေး ၁၂/ဘအန(နိုင်)၅၂၉၀၁၆ အစား ၃/ဘအန(နိုင်)၅၂၉၀၁၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃–၆–၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) ကညန တိုင်းဒေသကြီးရုံး (ပုသိမ်မြို့) ၏ 71W/75434 ယာဉ် မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ဦးနိုင်ကိုကိုအစား ဦးရှိုင်းကိုကိုဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဦးမြအောင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်မ၏မိတ်ဆွေဖြစ်သူ ဒေါ်မြရီ ၉/ကပတ(နိုင်)၀၅၇၇၅၃ ၏ လွှဲအပ်ချက်အရအောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ဇင်ကျေးရွာရှိ အရှေ့လားသော်–ဒေါ်ထိုက်ဝိုင်းမြေ၊ အနောက်လားသော်–လမ်းမြေ၊ တောင်လားသော် ဦးတင်လှိုင်ဝိုင်းမြေ၊ မြောက်လားသော်–လမ်း နယ်နိမိတ်လေးအရပ်အတွင်းရှိ အရှေ့အနောက် (၅၀)ပေ၊ တောင်မြောက် (၆၀)ပေခန့် အကျယ်ရှိဝိုင်းမြေမှာ ကျွန်မ၏ မိတ်ဆွေဒေါ်မြရီအပါအဝင် မွေးချင်းမောင်နှမများအားလုံးနှင့် သက်ဆိုင်သော အမွေဆိုင်ဝိုင်းမြေဖြစ်ပါသည်။ ထို့ကြောင့် ဦးမြအောင်မှ ဖော်ပြပါ ဝိုင်းမြေအား ဦးမြအောင်တစ်ဦးတည်း၏သဘောဆန္ဒဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း ပေးကမ်းခြင်း၊ လှူဒါန်းခြင်းပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြရီ၏လွှဲအပ်ချက်အရ–**
**ဒေါ်သန္တာထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၁၉၀)**
**အမှတ်(၁၆၀)၊ ဗန္ဓုလလမ်း၊ ပြည်တော်သာရပ်ကွက်၊**
**ကျောက်ပန်းတောင်းမြို့၊**
**ဖုန်း–၀၉–၇၅၀၇၃၉၄၀၃**

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တဂေါင်းဘုရားလမ်းမကြီး၊ တဂေါင်းဘုရားအနီး၊ အမှတ် (၂၉) တွင်နေထိုင်သူ ဦးဇော်လွင်ဦး ၁၄/ကကထ(နိုင်)၁၃၁၁၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

အမှတ်တံဆိပ်မူပိုင်ခွင့်
မှတ်ပုံတင်လက်မှတ်အမှတ် –
TM/2025/004246

အထက်ပါ လုပ်ငန်းအမှတ်တံဆိပ်သည် (၁၆–၅–၂၀၂၅)ရက်မှစ၍ မူပိုင်ခွင့်ဦးစီးဌာနမှ အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် TM/2025/004246 ဖြင့် မူပိုင်ခွင့် ရရှိခဲ့ပြီးဖြစ်ပါသည်။ ၎င်းအမှတ်တံဆိပ်အား အသုံးပြု၍ ယာဉ်အမျိုးမျိုး၏ အပိုပစ္စည်းအမျိုးမျိုးအား မြန်မာနိုင်ငံတစ်ဝန်းသို့ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အားခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိခြင်းမရှိဘဲ အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားထင်ယောင်ထင်မှား တုပအသုံးပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် သုံးစွဲခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ ထိုသို့တုပသုံးစွဲထားကြောင်း တွေ့ရှိပါက ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက် နစ်နာဆုံးရှုံးမှု အရပ်ရပ်အတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရုံးခန်း – အမှတ် (၁၀၁၉)၊ ကျော်သူ(၂၁)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါအောင်**
**LL.B, DBL, DIPL**
**အထက်တန်းရှေ့နေ**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အလက (ကော့ကဒိုက်) Grade–9 မှ မသဲစုမိုး၏ ဖခင်အမည်မှန်မှာ ဦးနန္ဒာကိုကို ၁၀/သထန(နိုင်)၂၅၀၉၁၄ ဖြစ်ပါကြောင်း။

**ဦးနန္ဒာကိုကို**
**၁၀/သထန(နိုင်)၂၅၀၉၁၄**

## အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နယ်မြေ (၇)နေ ဦးဆမ်ခိန်း–ဒေါ်အမ်ဆမ်၏ သမီး မအေးခမ်းလူ ၁၃/လရန(နိုင်) ၁၄၇၇၂၀ ၏ အမည်မှန်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်အရ မနန်းခမ်းလူဖြစ်ပါကြောင်း။

**မနန်းခမ်းလူ**

## အမည်ပြောင်း

ဦးဇော်ဝင်းနိုင်၏သမီး၊ ကျိုက်လတ်မြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade–1 မှ မစိုးမိုးသဇင်အား မပန်းသဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မပန်းသဇင်**

## အမည်မှန်

(ဘ)ဦးဇော်မင်းထွန်း၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကျောင်းစုကျေးရွာ၊ မဟာဗောဓိဘုန်းတော်ကြီးသင် ပညာရေးကျောင်း Grade–3 မှ မသက်မွန်မြင့် အမည်မှန်မှာ မနှင်းဝေဖြိုးဖြစ်ပါကြောင်း။

**မနှင်းဝေဖြိုး**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ကေတုမာလာရိပ်သာအနောက်(၃)လမ်း၊ အမှတ်(၁၄/က)၊ ဖိထပ်တိုက်(Hall Type)၊ တတိယထပ်(၄)လွှာ၊ အကျယ်အဝန်း ပေ(၁၈X၅၄)ရှိ ရေမီးအပြည့်အစုံပါ တိုက်ခန်း (၁)နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးအောင်ထွဋ်(၁၂/အစန(နိုင်)၁၃၂၉၂၁)၊ ဦးမျိုးဝင်းထွန်း (၁၂/ဥကတ(နိုင်)၁၃၆၉၉၇)၊ ဦးနေမျိုးဇော်(၁၂/ဗဟန(နိုင်)၁၁၁၆၁၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပြီး ဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက စာရွက်စာတမ်း၊အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်ထွန်း(စဉ်–၆၁၇၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်၁၂၊မြေညီထပ်၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၀၇၅၁၇၁**

## (၂၄-၂-၂၀၂၅) ရက်စွဲပါလုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ကတိစာချုပ်နှင့် ပတ်သက်၍ သက်ဆိုင်သူများအားရှင်းလင်းနိုင်ပါကြောင်း သိရှိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အမှတ်(၃၁)နေ ဒေါ်တင်မိုးခိုင်(၁၃/တကန(နိုင်)၃၁၅၃၄၂)၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် ဒေါ်လယ်လယ်အောင်မြင့်တို့သည် (၂၄–၂–၂၀၂၅) ရက်တွင် လုပ်ငန်းအကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းကတိစာချုပ်တစ်ရပ်အား ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်သည် ယနေ့အချိန်ထိ ဖျက်သိမ်းခဲ့ခြင်း မရှိပါ။ အဆိုပါစာချုပ်တွင်ဖော်ပြထားသည့် မြေကွက်ရောင်းချမှုများသည်လည်း ပြီးဆုံးမှုမရှိသေးပါ။ (၂၄–၂–၂၀၂၅) ရက်တွင် ချုပ်ဆိုခဲ့သောစာချုပ်အား သက်ဆိုင်သူများမှ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ နောက်တိုးစည်းကမ်းချက်များအား အပိုပဋိညာဉ် တစ်ရပ်ပြုလုပ်၍ ထည့်သွင်းချုပ်ဆိုခြင်းကို ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ထည့်သွင်းခွင့်မပြုပါကြောင်းနှင့် ဤသတင်းစာ ကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် စာချုပ်ပါသက်ဆိုင်သူများနှင့် ညှိနှိုင်းကာညှိနှိုင်းသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် စာချုပ်ပါသက်ဆိုင်သူများမှလည်း ကျွန်ုပ်၏မိတ်ဆွေနှင့် ညှိနှိုင်း၍ ညှိနှိုင်းသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းကိုသာ ကျွန်ုပ်မိတ်ဆွေမှ ခွင့်ပြုသွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်နှင့်ပတ်သက်၍ ရှင်းလင်းလိုပါက ဤသတင်းစာ ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့ လည်းကောင်း ရှင်းလင်းနိုင်ပါကြောင်း (၂၄–၂–၂၀၂၅) ရက်စွဲပါစာချုပ်နှင့် ပတ်သက်၍ သက်ဆိုင်သူများအား သိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မို့မို့ဇင်ကို(LLB, D.B.L, D.I.L, D.M.L )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၅၇)**
**တိုက်အမှတ်–၉/၁၁၊ အခန်းအမှတ် – ၁၀၄၊ (မြေညီထပ်)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း– ၀၉–၅၁၄၅၆၃၀၊ ၀၉–၉၇၇၆၇၂၇၅၇ ၀၉–၇၅၆၂၁၅၃၃၀**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် သိုလှောင်ရုံသုံး ဆက်စပ်ပစ္စည်းများ (Plastic Pallet, Equipment And Racking)များဝယ်ယူခြင်း ဆောင်ရွက်ရန်နှင့် ရုံးသုံးစာရွက်စာတမ်းများရိုက်နှိပ်ခြင်း၊ မြစ်ကြီးနားမြို့တွင် ရွက်ဖျင်တဲတည်ဆောက်ရန် ကွန်ကရစ်အောက်ခံ(Concrete Foundation) ဆောင်ရွက်ခြင်းလုပ်ငန်း၊ သိုလှောင်ရုံပြုပြင်ခြင်းလုပ်ငန်း၊ နေရောင်ခြည်ဆိုလာစွမ်းအင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများနှင့် နေပြည်တော်တွင် ရွက်ဖျင်တဲတည်ဆောက်ရန် ကွန်ကရစ်အောက်ခံ (Concrete Foundation) ဆောင်ရွက်ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ စတင်ထုတ်ယူရမည့် နေ့ရက်နှင့်အချိန်** – ၁၆–၆–၂၀၂၅ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** – ၂၄–၆–၂၀၂၅ ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ (၁)** – မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံး) စတုတ္ထအထပ်၊ အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ်– ၀၁ – ၈၃၉၂၈~၃၀ (လိုင်းခွဲ–၁၁၉)
**တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ (၂)** – မြန်မာနိုင်ငံကြက်ခြေနီအသင်း (နေပြည်တော်) ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့ ဖုန်းနံပါတ် – ၀၉–၉၆၂၃၀၄၇၁၆ Email:mrcsprocurement@redcross.org.mm
**တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ(၃)** မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး ပြည်ထောင်စုလမ်းမကြီး၊ ရှောရပ်ကွက်၊ မြစ်ကြီးနားမြို့။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အချက်အလက်များအား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုတ်ပို့ရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၃၅)၊ မြေကွက်အမှတ် (၅၀၀)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ (၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ဦးကျော်စိုးဦး (၁၂/ရကန(နိုင်)၀၇၄၉၈၅) အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား အရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်ထွန်း (၁၁/ကဖန(နိုင်)၀၆၃၅၂၁)မှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မြင့် (၁၂/ဒဂမ(နိုင်)၀၀၂၉၇၁)မှ ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland)**
**အထက်တန်းရှေ့နေ၊ စဉ်–၄၈၁၇၀**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၄၄၆၇၇၇၁၆**

## ယာဉ်မှတ်ပုံတင်(ကမ–၃) စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

